ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့ (4-9-2014) (၇၉၅၃)

**မိုးရွာသွန်းမှု**

၃-၉-၂၀၁၄

| | | |
|---|---|---|
| လောင်းလုံ | ၈ ဒသမ ၂၇ | လက်မ |
| ထားဝယ် | ၅ ဒသမ ၇၅ | လက်မ |
| မော်လမြိုင် | ၄ ဒသမ ၆၉ | လက်မ |
| ကျိုက်မရော | ၄ ဒသမ ၀၈ | လက်မ |
| ပေါင် | ၃ ဒသမ ၉၄ | လက်မ |
| ရေး | ၃ ဒသမ ၅၁ | လက်မ |
| မုဒုံ | ၃ ဒသမ ၄၃ | လက်မ |
| သထုံ | ၃ ဒသမ ၁၈ | လက်မ |

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျာမနီနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

ဘာလင် စက်တင်ဘာ ၃

**ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဂျာမနီနိုင်ငံဝန်ကြီးချုပ်ရုံး၌ ကျင်းပသည့် ဂျာမနီနိုင်ငံဝန်ကြီးချုပ် မစ္စစ် အိန်ဂျယ်လာမာကယ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်သည်။**

နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပသည့် ဂျာမနီနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ ဂျာမနီနိုင်ငံဝန်ကြီးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျာမနီနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဂျာမနီနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျာမနီနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲ၌ ဂျာမနီနိုင်ငံဝန်ကြီးချုပ်ကပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်ကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြပါကြောင်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❐



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံဝန်ကြီးချုပ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။** (သတင်းစဉ်)

ဦးအောင်နိုင်
LCCI Level I,II,III
စာရင်းကိုင်သင်တန်းများ
AUNG NAING
B.Com(Q),CPA,FLCCI(London-UK),DA(LCCI-UK),FFA(IFA-UK)
Ph 01-377 610, 09 730 99 752, 09 730 66 231, 09 320 60060

**ကြေးမုံ စာ ရေး တည်း ရှု ထောင့်** **၄-၉-၂၀၁၄၊ ကြာသပတေးနေ့**

# သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်း

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ မိုးရွာသွန်းမှုများသော ဒေသများတွင် ရေကြီး၊ ရေလျှံမှုများဖြစ်ပွားတတ်သည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖျင်းအားဖြင့် မြို့ရွာများတွင် မိုးကြောင့်လမ်းများပေါ်ထိ ရေကြီး ရေလျှံဖြစ်လာရခြင်းမှာ ရေနုတ်မြောင်းများမကောင်းသောကြောင့် ရေလျှံရခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ရေကြီးရေလျှံဖြစ်ရခြင်း၏ အဓိကကျသည့် သဘာဝပတ်ဝန်းကျင်အကြောင်းတရားတစ်ခုမှာ ရွာချသော မိုးရေကို မထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။

မိုးရေကိုထိန်းသိမ်းနိုင်ရန်အတွက် သစ်တောသစ်ပင်များလိုအပ်ပေသည်။ သစ်တောသစ်ပင်များ နည်းပါးလာခြင်းနှင့်အတူ မိုးရေကိုထိန်းသိမ်းနိုင်စွမ်းလည်း လျော့ကျသွားလေသည်။ သစ်တောသစ်ပင်များသည် မိုးရေကို ထိန်းသိမ်းနိုင်သည်သာမက ပူပြင်းသည့်အရှိန်ကိုလည်း လျော့ကျအောင် အစိုဓာတ်များ ပြန်လည်ထုတ်လွှတ်ပေးနိုင်ပါသည်။

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ၇၀ ရာခိုင်နှုန်းရှိစဉ်က သစ်တောဧရိယာအတွင်းရှိသစ်ပင်၊ ဝါးပင်တို့သည် ရွာချသောမိုးရေကို စုပ်ယူထားပြီး ပတ်ဝန်းကျင်ခြောက်သွေ့သော နွေရာသီသို့ရောက်လာသောအခါ စုပ်ယူထားသောရေဓာတ်ကို ပြန်လည်ထုတ်လွှတ်ပေးသဖြင့် မြန်မာနိုင်ငံတွင် အပူအအေးမျှတပြီး နေရထိုင်ရ ကောင်းမွန်လှသည်ကို ကြုံတွေ့ခဲ့ဖူးသည်။

သစ်တောသစ်ပင်များကို လူတို့စီးပွားဖြစ်ထုတ်ယူမှု၊ မဆင်မခြင်ခုတ်လှဲမှု၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု၊ လူတို့အတွက်အသုံးချမှု စသည့်အကြောင်းအမျိုးမျိုးကြောင့် သစ်တောဧရိယာများ တစ်စတစ်စ လျော့နည်းသွားခဲ့သည်။ သစ်တောသစ်ပင်ခုတ်လှဲ၍ မရပြန်လျှင်လည်း ကျန်ရှိနေသောအလေ့ကျပေါက်သည့် ဝါးပင်ပေါက် မျှစ်စို့များကို ယခုလိုမိုးရာသီတွင် ဒေသခံတို့က နေ့စဉ်ချိုးယူကြသဖြင့် သစ်တောများ ပြန်လည်နာလန်ထူနိုင်စရာအကြောင်း မမြင်တော့သည်ကို တွေ့ရသည်။

အပင်တစ်ပင်ရှင်သန်ကြီးထွားလာစေရန် နှစ်အတန်ကြာအချိန်ယူရပြီး ထိုအပင်များရှင်သန်ကြီးထွားလာသောအခါ သဘာဝပတ်ဝန်းကျင်ကို အပင်များက ထိန်းသိမ်းပြီး ကမ္ဘာမြေပေါ်ရှိလူသားများကို ပြန်လည်၍ အကျိုးတရားများ ထူးကဲစွာပြုလေသည်။ အပင်ဟူသည် သက်ရှိရုပ်ဝတ္ထုပစ္စည်းဖြစ်ပါသည်။ မျှစ်စို့ပေါက်လေးတစ်ပင်ကို ချိုးဖွဲ့လိုက်လျှင် ဝါးပင်ကြီးတစ်ပင် မဖြစ်တော့ဟူသောအသိကို မျက်ကွယ်ပြုပါက နောင်တစ်ချိန်တွင်သစ်တစ်ပင်၊ ဝါးတစ်ပင်မှ သစ်တော၊ ဝါးတောကြီးများဖြစ်မလာတော့ဘဲ သစ်တောများပြုန်းတီးကာသဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း ဆိုးကျိုးကို အများပြည်သူခံစားကြရမည်ဖြစ်သည်။

သစ်ပင်ခုတ်လှဲခြင်းကို ဥပဒေအရကန့်သတ်ထားသော်လည်း ယခုလိုမိုးရာသီကာလတွင် ကျေးလက်တောတောင်များ၌ ဝါးကြီးဝါးသေး မျှစ်စို့ပေါက်များကိုမှ နေ့စဉ်လွတ်လပ်စွာ ရယူနေကြသည်မှာ သစ်တောများပြုန်းတီးမှုတစ်ခုအနေဖြင့် များစွာပူပန်မှုဖြစ်မိသည်။ သစ်တောဟူသည်မှာ သစ်ပင်သာမက ဝါးပင်များလည်း ပါဝင်ပေသည်။

ယနေ့ရေကြီးရေလျှံမှုဖြစ်စဉ်များ၊ ပူပြင်းခြောက်သွေ့မှုဖြစ်စဉ်များ၊ ရာသီဥတုဖောက်ပြန်မှု ဖြစ်စဉ်များအတွက်စိုးရိမ်ပူပန်မှုများ ဖြစ်နေကြသလို အရင်းစစ်က အမြစ်မြေဖြစ်စဉ်များကိုလည်း မမေ့မလျော့ အသိတရားရှိရှိ၊ တာဝန်ရှိရှိ သတိမူကြဖို့လိုမည်ဖြစ်သည်။ ပြည်သူများက အသိတရားရှိကြဖို့ လိုမည်ဖြစ်သလို တာဝန်ရှိသူများကလည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

တောတောင်များတွင် သစ်တောများဖုံးလွှမ်းနေပါလျှင် ရွာကျလာသောမိုးရေကြောင့် မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ပါသည်။ သစ်တောသစ်ပင်မရှိ၍ မြေဆီလွှာတိုက်စားလာသောအခါ မြစ်ချောင်းများ သောင်ထွန်းတိမ်ကောပြီး ရေကြီးရေလျှံဖြစ်စဉ်များလည်း ဆက်တိုက်ဖြစ်ပွားလာမည်ဖြစ်သည်။ မြို့ပြများအတွက်မူ ခေတ္တရေသိုလှောင် ထိန်းသိမ်းမှုများ လိုအပ်ပါသည်။ ယခင်က ရေဝပ်ဧရိယာ၊ ရေလှောင်ဧရိယာများ ရှိခဲ့သော်လည်း ယခုအခါ ထိုနေရာများတွင် အဆောက်အအုံများ အစားထိုးနေရာယူလာသဖြင့် ရေလျှံမှုအကြောင်းတစ်ရပ်ကိုဖြစ်စေခဲ့သည်။

ထို့ကြောင့် ပြည်သူများ ညီညွတ်မျှတသောပတ်ဝန်းကျင်တွင် စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းအပ်သည်။ ။

**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

**ရန်ကုန် စက်တင်ဘာ ၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၃၂၀၀ | - | ၆၆၄၂၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၃၀၀၀ | - | ၆၆၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၃. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၇. ၇၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၂၀၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၇၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၀၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၂၂. ၂၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၅. ၃၉၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၀. ၆၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၄. ၁၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



## ဆေးရုံအင်္ဂါရပ်နှင့်အညီ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး မှာကြား

**နေပြည်တော် စက်တင်ဘာ ၃**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဩဂုတ် ၃၁ ရက်တွင် ရန်ကုန်အလုပ်သမားဆေးရုံကြီး ပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လေဝင်လေထွက်ကောင်းမွန်ရေး၊ ဆေးရုံအင်္ဂါရပ်နှင့်အညီ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် လူနာများအား ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရေးအတွက် အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လူနာများအား တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(သတင်းစဉ်)**



## စွမ်းအင်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (NEMC)သည် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI)၏ အစီအစဉ်အရ The Overseas Human Resource Development Association (HIDA)နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒရေးဆွဲရေးလုပ်ငန်းများတွင် အထောက်အကူရရှိစေရေးအတွက် စွမ်းအင်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပထမပိုင်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် Grand Amara Hotel ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ၎င်းအခမ်းအနားသို့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးကြည်သာ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry(METI)မှ Commissioner ဖြစ်သူ Mr.Takayuki Ueda နှင့် ကိုယ်စားလှယ်များ၊ The Overseas Human Resource Development Association (HIDA)မှ ကိုယ်စားလှယ်များနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် ဂျပန်နိုင်ငံမှ သင်တန်းဆရာများ တက်ရောက်ခဲ့ကြသည်။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ ပထမပိုင်းကို စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း ၄၅ ဦးတက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ကျန်အပိုင်း (၅)ပိုင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ နောက်ဆုံးပတ်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ အပိုင်းလိုက်ခွဲလျက် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျာမနီလုပ်ငန်းရှင်များက ပါဝင်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ၊ အသက်မွေးပညာလေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဆွေးနွေး

**ဖရန့်ဖတ် စက်တင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် Deutsche Bank နှင့် German Asia Pacific Business Organization (OAV) ဥက္ကဋ္ဌနှင့်အဖွဲ့သည် စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ရှိ Deutsche Bank ရုံး၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ပြည်သူ့ဆန္ဒနှစ်ရပ်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေမှုအခြေအနေနှင့် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျာမနီလုပ်ငန်းရှင်များက ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ စားသောက်ကုန်ထုတ်လုပ်ရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ သစ်တောထိန်းသိမ်းရေး၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်ရေးနှင့် အသက်မွေးပညာ လေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဂျာမန်လုပ်ငန်းရှင်များက ငွေကြေးကဏ္ဍ၊ ဟိုတယ်လုပ်ငန်း၊ လေကြောင်းဆက်သွယ်ရေးကဏ္ဍ၊ ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးတို့နှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား Deutsche Bank နှင့် German Asia Pacific Business Organization (OAV) ဥက္ကဋ္ဌက နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Deutsche Bank နှင့် German Asia Pacific Business Organization (OAV) ဥက္ကဋ္ဌနှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ရောက်ရှိ

**ဘာလင် စက်တင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှ ဘာလင်မြို့သို့ အမြန်ရထား ICE Train 278 ဖြင့် စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၃ မိနစ်တွင် ထွက်ခွာသည်။

ယင်းသို့ ထွက်ခွာစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား အာရှ-ပစိဖိတ်-အမေရိကဒေသတာဝန်ခံ DB BAHN မှ အမှုဆောင်ဒါရိုက်တာ Mr. Simon Giovanazzi က ဂျာမနီနိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၄၀ တွင် ဘာလင်ဘူတာသို့ ရောက်ရှိကြရာ ဂျာမနီနိုင်ငံ သံတမန်ရေးရာဌာနအကြီးအကဲနှင့် တာဝန်ရှိသူများက ဘူတာ၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Intercontinental ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ အာဆီယံနိုင်ငံသံအမတ်ကြီးများနှင့် သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

GOLDEN STAR Travels & Tours

KMD Education Services
Microsoft Official Learning Partner
Microsoft နှင့် KMD တို့ပူးပေါင်းဖွင့်လှစ်မည့် Microsoft Professional Server Administration သင်တန်း
410 + 411 + 412 =
(OPENING DATE)
5 - Sep - 2014
(Mon to Fri)
8:30am – 10:00am
MCSA: Windows Server 2012 The foundation for your career in IT
၁၇၄ - ၁၈၂ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။

# မြန်မာနိုင်ငံအတွက် အလိုအပ်ဆုံး ရင်းနှီးမြှုပ်နှံမှုများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး ကျွမ်းကျင်မှုနှင့် နည်းပညာများကို ယူဆောင်လာမည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**

# နှစ်နိုင်ငံအကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးများပြုလုပ်နေပြီဖြစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အကူအညီများ ပေးအပ်သွားမည်

**ဂျာမနီဝန်ကြီးချုပ် မစ္စစ် အိန်ဂျယ်လာမာကယ်**

❒ **ရှေ့ဖုံးမှ**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုများကိုလည်း အသိပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည်ကို ထောက်ခံပါကြောင်း၊ ရန်ကုန်မြို့တွင် Goe the Institute (နိုင်ငံတကာအသိအမှတ်ပြု ဂျာမနီဘာသာစကားနှင့် ယဉ်ကျေးမှုအခြေပြုကျောင်း)ကို ဖွင့်လှစ်ပြီး နှစ်နိုင်ငံအကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးများ ပြုလုပ်နေပြီဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အကူအညီများပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံ ပါဝင်သည့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုများကိုလည်း ထောက်ခံပါကြောင်း၊ တိုးတက်သောပြောင်းလဲမှုဖြစ်စဉ်၊ လွတ်လပ်မှုတို့ကို တိတိကျကျဖြစ်ပေါ်လာရေး အားပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့ဆက်ဆံရေး ဆက်လက်တိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ ဂျာမနီနိုင်ငံသို့ လာရောက်လည်ပတ်သည့်အတွက် ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အကြောင်းအရာ ကဏ္ဍများစွာကို ဆွေးနွေးခဲ့ကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေး၊ ရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်ရေး၊ အခွန်အကောက်စနစ်များ ပြင်ဆင်ရေး၊ နိုင်ငံတကာသဘောတူစာချုပ်များတွင် မြန်မာနိုင်ငံပါဝင်ရေးတို့ကို တိုက်တွန်းခဲ့ကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားရာတွင် ဂျာမန်အစိုးရ၏ ဖိတ်ကြားချက်အရ နှစ်ပေါင်း(၃၀)အတွင်း မြန်မာနိုင်ငံ သမ္မတတစ်ဦးအနေဖြင့် လာရောက်သောခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ၁၉ ရာစုနှစ်ကပင် ချစ်ကြည်ရင်းနှီးစွာ စတင်ခဲ့ကြသော နှစ်နိုင်ငံဆက်ဆံရေးဖြစ်ပါကြောင်း၊ ၂၀ ရာစုအစောပိုင်းကာလတွင်လည်း Siemans ကုမ္ပဏီကဲ့သို့သော ဂျာမန်ကုမ္ပဏီများ ရန်ကုန်မြို့တွင် ရှိခဲ့ပါကြောင်း၊ ဂျာမန်ကုန်သည်ကြီးများအသင်းနှင့် ဂျာမန်ကလပ်များပင် ရန်ကုန်၌ ရှိခဲ့ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးကို အသစ်တစ်ခု ပြန်လည်တည်ဆောက်ရန်မဟုတ်ဘဲ ယခင်ရှိပြီးသား ဆက်ဆံရေးကို အသစ်တစ်ဖန် ပြန်လည်အားကောင်း ရှင်သန်လာအောင် ပြုလုပ်ပေးရန်သာ လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိ၏ ခရီးစဉ်သည် နှစ်နိုင်ငံရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ရန် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဂျာမနီကို မိတ်ကောင်းဆွေကောင်းအဖြစ်သာမက စီးပွားမိတ်ဖက်အဖြစ် လည်းကောင်း၊ နိုင်ငံတွင်း အဓိကရင်းနှီးမြှုပ်နှံသူအဖြစ်လည်းကောင်း ကမ်းလှမ်းလိုပါကြောင်း။

မိမိတို့အနေဖြင့် ဂျာမနီနိုင်ငံထံမှ ဖက်ဒရယ်ပြည်ထောင်စုအစိုးရစနစ်၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံစံ၊ စီးပွားရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများအပေါ် အားထုတ်မှုများ၊ အဆင့်မြင့်လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုများ အစဉ်အလာကောင်းသော ပညာရေးစနစ်၊ စည်းကမ်းရှိမှုနှင့် အလုပ်ကြိုးစားမှုပေါ်တွင် နမူနာယူရမှာဖြစ်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် စက်မှုလုပ်ငန်းများအတွက် ပြည်ပရင်းနှီးမှုများ ဝင်ရောက်ရန် ပြင်ဆင်နေချိန်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများ များပြားစွာ ဖွံ့ဖြိုးတိုးတက်ရင်းနှီးမြှုပ်နှံလာကြချိန်လည်းဖြစ်ပါကြောင်း၊ ယခုလိုအချိန်တွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ ဂျာမနီနိုင်ငံက ပါဝင်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း။

မြန်မာနိုင်ငံအတွက် အလိုအပ်ဆုံး ရင်းနှီးမြှုပ်နှံမှုများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး ကျွမ်းကျင်မှုနှင့် နည်းပညာများကို ယူဆောင်လာမည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပါကြောင်း၊ ဂျာမနီအနေဖြင့် ဤကဏ္ဍများတွင် တိုးတက်မှုရရှိစေရန် မြန်မာကုမ္ပဏီများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်စေလိုပါကြောင်း၊ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရမည် ဖြစ်ပါကြောင်း၊ မကျွမ်းကျင်သေးသော အလုပ်သမားများ၊ ကျွမ်းကျင်မှုအလယ်အလတ်ရှိသည့် အလုပ်သမားများ၊ မြန်မာနိုင်ငံ၏ မြို့ကြီးများကို ပြောင်းရွှေ့လာကြမည့် များစွာသော အလုပ်အကိုင်ရှာဖွေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဂျာမနီ၏ ရင်းနှီးမြှုပ်နှံမှုများကို သဘာဝအရင်းအမြစ်များ ထုတ်ယူသောကဏ္ဍများတွင်သာမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများကို အများအပြား ဖန်တီးပေးနိုင်မည့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံစေလိုပါကြောင်း၊ မိမိတို့၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး အောင်မြင်မှုများသည် မှန်ကန်သော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်စွမ်းရှိမှုအပေါ်တွင်လည်း မူတည်နေပါကြောင်း၊ မိမိတို့သည် ဂျာမနီကုမ္ပဏီကြီးများဆီက လေ့လာရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ ပညာရေးစနစ်တစ်ခုလုံးကို ပြန်လည်ပြုပြင်ရန် ကြိုးစားလျက်ရှိပါကြောင်း၊ သို့သော် ယခုလောလောဆယ် အရေးတကြီးအနေဖြင့် လိုအပ်သည်မှာ ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် အရည်အချင်း ပြည့်မီစေမည့် ကာလတို မွမ်းမံသင်တန်းများနှင့် ကာလရှည်သင်တန်းများ ဖြစ်ပါကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲစ နိုင်ငံတစ်နိုင်ငံအနေဖြင့် သုံးနှစ်တာကာလအတွင်း အောင်မြင်မှုများရှိသလို အခက်အခဲ၊ စိန်ခေါ်မှုများလည်း ကြုံတွေ့ရပါကြောင်း၊ သို့သော်လည်း မိမိတို့ ဖြေရှင်းဆောင်ရွက်နိုင်ပါကြောင်း။

မိမိတို့၏ ပြုပြင်ပြောင်းလဲမှုသည် အာရပ်နွေဦးနှင့် တစ်ချိန်တည်း စတင်ခဲ့သော်လည်း သွေးထွက်သံယိုမှုများ၊ နိုင်ငံပြိုကွဲပျက်စီးမှုများ မရှိခဲ့သည်ကို အားလုံးသိရှိကြပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအပေါ် အားပေးထောက်ခံမှုများနှင့်အတူ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးနေကြသော ဂျာမန်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျာမနီနိုင်ငံဝန်ကြီးချုပ် မစ္စစ် အိန်ဂျယ်လာမာကယ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံဝန်ကြီးချုပ် မစ္စစ် အိန်ဂျယ်လာမာကယ်တို့ နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဆင်းဆည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်များစိုက်ပျိုးပေး

**နေပြည်တော် စက်တင်ဘာ ၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ရေဆင်းဆည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ခရေပင်နှင့် ကံ့ကော်ပင်များအား ဦးဆောင်စိုက်ပျိုးပေးကြသည်။**(ယာပုံ)**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အရာရှိ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်၊ ခရေပင်၊ စိန်ပန်းကြီးပင်၊ အော်ရေးရှားပင်၊ သစ်ဆိမ့်ပင်၊ မဲဇလီပင်၊ ရေတမာပင်၊ ကုက္ကိုပင်၊ ပိတောက်ပင် စုစုပေါင်း ၄၀၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

၂၀၁၄ ခုနှစ် မိုးရာသီကာလအတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံးအနေဖြင့် ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရတနာတန်းဝင်ပင်၊ အရိပ်ရလေကာပင်နှင့် နှစ်ရှည်သီးနှံပင် စုစုပေါင်း ၁၄၀၀၀ တို့အား စုပေါင်းစိုက်ပျိုးပြီးဖြစ်သည်။

၂၀၁၄ ခုနှစ် မိုးရာသီကာလအတွင်း နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၃၅၈၀၇ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၇၉၆၄၂ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၃၉၀၃၂ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၆၀၀၅၁ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၆၆၀၈၉ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၃၆၇၄၉ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၃၁၉၃၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၈၁၂၈ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၉၆၈၈၅ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၆၀၃၂၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၂၈၈၉ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၅၆၆၂၉ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၈၆၃၂၇ ပင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် စိုက်ပျိုးပင် ၁၅၅၇၂၄ ပင်တို့အား စိုက်ပျိုးခဲ့ပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ၂၀၁၄ ခုနှစ် မိုးရာသီကာလအတွင်း ရတနာတန်းဝင်ပင်၊ အရိပ်ရလေကာပင်နှင့် နှစ်ရှည်သီးနှံပင် စုစုပေါင်း ၉၅၀၂၁၁ ပင် စိုက်ပျိုးခဲ့သည်။



၎င်းအပြင် အထူးကိစ္စရပ်အနေဖြင့် ကမ်းရိုးတန်းဒေသများတွင် ကမ်းပါးများ မြေပြိုကျမှုအန္တရာယ်၊ မုန်တိုင်းအန္တရာယ်နှင့် ရေလွှမ်းမိုးမှုများမှ ကာကွယ်တားဆီးရန်အတွက် ဒီရေတောစိုက်ပျိုးပင် ၁၁၁၈၄၅ ပင်တို့လည်း စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**

# ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် အကြိမ်(၄၀)မြောက် ONS Summit တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်ဦးဆောင်သောအဖွဲ့သည် နော်ဝေနိုင်ငံ ရေနံနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Tord Lien နှင့် ဗြိတိန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E.Lord Livingston တို့၏ ဖိတ်ကြားချက်အရ နော်ဝေနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အကြိမ် (၄၀) မြောက် Offshore Northern Seas (ONS) Summit သို့တက်ရောက်ခဲ့ရောက်ခဲ့ကြသည်။

ONS Summit တွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်နှင့် ဖြည့်ဆည်းနိုင်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၏ အရေးပါမှု၊ နည်းပညာသစ်များဖြင့် ရှာဖွေတူးဖော်ထုတ်လုပ်မှု၊ ရာသီဥတုပြောင်းလဲမှု၊ $CO_2$ ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ အနာဂတ်စွမ်းအင်ထုတ်လုပ်မှုနှင့် ဈေးကွက်အလားအလာ အခြေအနေ၊ Global Energy Mix နှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် စွမ်းအင်ကဏ္ဍအပေါ် အကျိုးသက်ရောက်မှု အခြေအနေတို့ကို ဆွေးနွေးခဲ့သည်။



အဆိုပါ Summit သို့ နော်ဝေနိုင်ငံ ဘုရင်မ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး နော်ဝေနိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံတကာစွမ်းအင်ဆိုင်ရာ ဝန်ကြီးများ၊ စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အမှုဆောင်အရာရှိများ၊ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA) မှ အကြီးအကဲများ၊ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၉၀၀ ကျော် တက်ရောက်ခဲ့သည်။**(အောက်ပုံ)**

အဆိုပါ Summit သို့ တက်ရောက်စဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် နော်ဝေနိုင်ငံ ရေနံနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Tord Lien နှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး State Secretary, H.E.Mr. Bard Glad Pegersen နှင့်လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ Norad oil for development programme၊ Extractive Industries Transparency Initiative (EITI)၊ UK Tarde and Investment၊ Oxford University၊ British Geological Society နှင့် စွမ်းအင်ကုမ္ပဏီများဖြစ်သော Statoil, Shell, British Gas, Ophir Energy တို့မှ တာဝန်ရှိသူများနှင့် နှစ်ဖက်အသီးသီး တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံမှုများ၌ နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ စွမ်းအင်ကဏ္ဍအပါအဝင် အခြားသော ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ နည်းပညာဖလှယ်ရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကာလတို၊ ကာလရှည် သင်တန်းများ ကူညီပံ့ပိုးပေးနိုင်ရေး၊ နော်ဝေနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ တက္ကသိုလ်များနှင့် ပူးပေါင်း၍ စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများစေလွှတ်နိုင်ရေး၊ EITI အဖွဲ့ဝင်ဖြစ်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ Revenue Management ဆိုင်ရာအပိုင်း၌ စံနမူနာကောင်းများ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ နည်းပညာမျှဝေပေးနိုင်ရေး၊ မြန်မာ့ကမ်းလွန်လုပ်ကွက်များ၌ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(မင်းမင်းဦး)**

## မြန်မာနိုင်ငံဆိုင်ရာ ဘူလ်ဂေးရီးယားနိုင်ငံသံအမတ်ကြီးခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၄**

မစ္စတာ အိဗ်ဂနီ စတီဖနော့ဗ် စတိုယီချက်ဗ်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အိဗ်ဂနီ စတီဖနော့ဗ် စတိုယီချက်ဗ်ကို ၁၉၅၅ ခုနှစ်တွင် ဘူလ်ဂေးရီးယားနိုင်ငံ ဒက်ပ်နစ်ဆာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၆၉ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့ရှိ ပြင်သစ်ဘာသာစကားကျောင်းသို့ တက်ရောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မော်စကိုနိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး မဟာဘွဲ့ကိုရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာရှဌာနတွင် အလုပ်သင်အဖြစ် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ ဘူလ်ဂေးရီးယားသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကနေဒါနိုင်ငံဆိုင်ရာ ဘူလ်ဂေးရီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ယခုအချိန်ထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ဘူလ်ဂေးရီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**(သတင်းစဉ်)**



## မိုးစပါးစိုက်ပျိုးရန် ငွေလိမ်ထုတ်သူ အရေးယူ

**ပုသိမ် စက်တင်ဘာ ၃။** ။ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျွန်းစုကျေးရွာနေ သက်နောင် (အသက်စိစစ်ဆဲ) လယ်လုပ်သည် ၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးရန် မအူပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ် ၁၀ ဧကအတွက် ဘဏ်ချေးငွေကျပ် ၁၀ သိန်းအား လိမ်လည်ထုတ်ယူပြီး ပြန်လည်ပေးအပ်ခြင်းမရှိသဖြင့် စက်တင်ဘာ ၂ ရက်က မအူပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ၏ တိုင်တန်းချက်အရ မအူပင်မြို့မရဲစခန်းမှ အမှုဖွင့်ပြီး သက်နောင်အား ဖမ်းဆီးရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ဆေးပညာသတင်းဆန်းများ (၇၃)

## ဒေါက်တာကံညွန့်

ရာသီဥတုပြောင်းလဲလာတာဟာ ကျန်းမာရေးကို ထိခိုက်လာနိုင်တယ်ဆိုတာ တင်ပြခဲ့ပြီးပါပြီ။ အခုတင်ပြမယ့် သတင်းတစ်ပုဒ်ကလည်း ရာသီဥတုပြောင်းလဲလာမှုနဲ့ပဲ သက်ဆိုင်ပါတယ်။ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်မြင့်တက်လာမှုဟာ ကောက်ပဲသီးနှံတွေရဲ့ အီလီရှိုက်ခေါ် ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ ဓာတ်သတ္တုတွေပါဝင်မှုကို လျော့နည်းသွားနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Illinois တက္ကသိုလ်က သိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပြီး ဒီအကြောင်းကို Nature ဂျာနယ်မှာ ဖော်ပြထားတာပါ။ ယခုလောလောဆယ်မှာ လေထုထဲ $CO_2$ ပါဝင်မှုနှုန်းဟာ သူတို့စံနှုန်းအရ 400 parts per Million ရှိနေပြီး ၂၀၅၀ ခုနှစ်လောက်မှာ 550 parts per Million ထိ တိုးလာနိုင်တယ်လို့ ဆိုပါတယ်။ ဒီတိုးလာတဲ့ ပုံစံနဲ့ ဂျုံ၊ ဆန်၊ ပြောင်းနဲ့ ပဲအမျိုးမျိုးတွေကို စိုက်ပျိုးကြည့်တဲ့အခါ ထွက်လာတဲ့သီးနှံတွေမှာ ကိုယ်ခန္ဓာသန်စွမ်းမှုအတွက် အရေးပါတဲ့ သံဓာတ်၊ Zinc ဓာတ်နဲ့ Protein ဓာတ်ပါဝင်မှုလျော့နေတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဂျုံမှာ Zinc ပါဝင်မှု ကိုးရာခိုင်နှုန်း၊ သံဓာတ်ပါဝင်မှု ငါးရာခိုင်နှုန်းနဲ့ ဆန်မှာတော့ Zinc ပါဝင်မှု သုံးရာခိုင်နှုန်း၊ သံဓာတ်ပါဝင်မှု ငါးရာခိုင်နှုန်းလျော့သွားတယ်လို့ဆိုပါတယ်။ သံဓာတ်နဲ့ Zinc ဓာတ်ဟာ လူ့ခန္ဓာကိုယ်အတွက် ရောဂါပိုးတွေကို ခုခံတိုက်ခိုက်ရတဲ့စနစ် Immune System ကောင်းမှု၊ သွေးအားကောင်းမှုတွေအတွက် အရေးပါတဲ့ ဓာတ်ပစ္စည်းတွေဖြစ်ပြီး ဒါတွေ လျော့ပါးလာမှုဟာ လူသားတွေရဲ့ ကျန်းမာရေးကို ပိုမိုထိခိုက်လာနိုင်တယ်လို့ ခန့်မှန်းထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်ခန္ဓာထဲမှာ ကင်ဆာရောဂါတစ်ခုခု ရှိ၊ မရှိကို သာမန်ဆီးစစ်ဆေးမှုတစ်ခုနဲ့ပဲ သိနိုင်ပြီဆိုတဲ့ အကြောင်းပါ။ ကိုယ်ဝန်ရှိ၊ မရှိ ဆီးထဲကို စက္ကူလေးထည့်ပြီး စမ်းလိုက်ရုံနဲ့ သိနိုင်သလို ကင်ဆာရောဂါ ရှိ၊ မရှိကိုလည်း စမ်းနိုင်ပြီဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံက MIT လို့ အတိုကောက်ခေါ်တဲ့ Massachusetts Institute of Technology က သိပ္ပံပညာရှင်တွေရဲ့ တွေ့ရှိချက်ကို Proceeding of the National Academy of Science မှာ ဖော်ပြထားတာပါ။ သူတို့အဆိုအရ သွေးထဲမှာ သာမန်အားဖြင့် စမ်းသပ်ဖို့ခဲယဉ်းတဲ့ Tumon Protein ဖြစ်တဲ့ Protease ဓာတ်ကို စမ်းသပ်ရတာဖြစ်တယ်လို့ ဆိုပါတယ်။ စမ်းသပ်နည်းကတော့ Peptides နဲ့ Coated လုပ်ထားတဲ့ Nanoparticle ကို သွေးထဲကို ထိုးထည့်လိုက်တဲ့အခါ ဒီ particle လေးဟာ ကင်ဆာရှိနေတဲ့နေရာကို ရောက်တဲ့အခါ ကင်ဆာရဲ့ Protease ဓာတ်က Nano Partical မှာ အုပ်ထားတဲ့ Peptide ကို ဖျက်ဆီးပစ်လိုက်ပါတယ်။ ဒီလို ဖျက်ဆီးခံရပြီး ကျောက်ကပ်မှတစ်ဆင့် ဆီးထဲကို ရောက်သွားတာဖြစ်တယ်လို့ဆိုပါတယ်။ ဒီလိုရောက်သွားတဲ့ Nanoparticel ဟာ Biomaker အဖြစ် ဆီးမှာ အလွယ်တကူစမ်းသပ်တွေ့ရှိနိုင်တယ်လို့ ဆိုပါတယ်။ ဒီစမ်းသပ်နည်းနဲ့ အူမကြီးကင်ဆာကိုတော့ သေချာစွာ စမ်းသပ်နိုင်ပြီဖြစ်ပြီး တခြားကင်ဆာတွေကိုလည်း စမ်းသပ်လာနိုင်လိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

> ***ကိုယ်ခန္ဓာထဲမှာ ကင်ဆာရောဂါတစ်ခုခု ရှိ၊ မရှိကို သာမန်ဆီးစစ်ဆေးမှုတစ်ခုနဲ့ပဲ သိနိုင်ပြီဆိုတဲ့ အကြောင်းပါ။ ကိုယ်ဝန်ရှိ၊ မရှိ ဆီးထဲကို စက္ကူလေးထည့်ပြီး စမ်းလိုက်ရုံနဲ့ သိနိုင်သလို ကင်ဆာရောဂါ ရှိ၊ မရှိကိုလည်း စမ်းနိုင်ပြီဖြစ်။***

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ငှက်ဖျားရောဂါကိုတိုက်ဖျက်ဖို့ အမျိုးမျိုးကြိုးစားလာခဲ့ရာမှာ အခုတစ်ခါမှာတော့ ငှက်ဖျားရောဂါကာကွယ်ဆေးအတွက် ထိရောက်တဲ့ဆေးတစ်ခုကို တွေ့ခဲ့ပြီလို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်သုတေသီတွေက တွေ့ရှိခဲ့တာဖြစ်ပြီး US Journal of Science မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ PFSEA-1 ခေါ်တဲ့ Antigen တစ်မျိုးကို တွေ့ရှိ ခဲ့တာဖြစ်ပြီး ဒီ Antigen က Malaria ဖြစ်စေတဲ့ Parasite တွေ မပြန့်ပွားအောင်တားရာမှာ အစွမ်းထက်တဲ့ Antibody တွေကို ထုတ်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။ အထူးသဖြင့် သွေးနီဥတစ်ခုက နောက်တစ်ခုကို ဒီ parasite ကောင် မကူးနိုင်အောင် တားပေးခြင်းဖြင့် ငှက်ဖျားရောဂါမဖြစ်နိုင်အောင် တားပေးတာလို့ဆိုပါတယ်။ ဒီကာကွယ်ဆေးစမ်းသပ်မှုကို တန်ဇန်းနီးယားနိုင်ငံက နှစ်နှစ်အရွယ်ကလေးတွေကိုစမ်းသပ်တဲ့အခါ အထူးအောင်မြင်တာကို တွေ့ရတယ်လို့ဆိုပါတယ်။ ငှက်ဖျားရောဂါဟာ အာဖရိကတိုက် ဆာဟာရဒေသမှာ ကလေးတွေကို အသေအပျောက်အများဆုံးဖြစ်စေတဲ့ ရောဂါတစ်ခုဖြစ်စေပြီး ဒီကာကွယ်ဆေးပေါ်လာတာဟာ ငှက်ဖျားရောဂါအဖြစ်များတဲ့ တစ်ကမ္ဘာလုံးမှ ဒေသတွေက ကလေးတွေအတွက် အထူးအကျိုးရှိနိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းကတော့ သွေး (သို့မဟုတ်) ကိုယ်ခန္ဓာထဲက အရည် (Body Fluid)ထဲမှာ ပါဝင်နေတဲ့ ဓာတ်ပစ္စည်း (Biomaker)ကို စမ်းကြည့်ခြင်းဖြင့် ဒီလူရဲ့ အသက်ရှည်နိုင်မှုအခြေအနေကို ခန့်မှန်းသိရှိနိုင်ပြီလို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ ဖင်လန်နိုင်ငံနှင့် အက်စ်တိုးနီးယားနိုင်ငံက ဆေးပညာရှင်တွေက ပူးပေါင်းတွေ့ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ဖင်လန်နိုင်ငံနဲ့ အက်စ်တိုးနီးယားနိုင်ငံသား ၁၇၀၀ ရဲ့ သွေးနမူနာကိုယူပြီး NMR Spectrosopy နည်းနဲ့ သွေးထဲမှာ ပါဝင်တဲ့ ဓာတ်ပစ္စည်း ၁၁၆ မျိုးကို စမ်းသပ်ကြည့်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ သွေးထဲမှာ ဓာတ်ပစ္စည်း လေးမျိုးဖြစ်တဲ့ Plasma Albumin, Alpha 1 Acid Glycoprotein, very low Density Lipoprotein particle size နှင့် Citrate တက်နေတဲ့လူတွေဟာ ငါးနှစ်အတွင်း အသက်ဆုံးရှုံးသွားတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီဓာတ်ပစ္စည်းလေးမျိုးတက်နေတာ ထိပ်ဆုံးရောက်နေတဲ့လူ ၂၈၈ ဦးဟာ ငါးနှစ်အတွင်းမှာ အသက်ဆုံးခဲ့ပြီး အောက်ဆုံးကလူတွေမှာတော့ ငါးနှစ်အတွင်း ၁၅ ယောက်သာ အသက်ဆုံးတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီဓာတ်ပစ္စည်းလေးမျိုးကို စမ်းသပ်ခြင်းဖြင့် ဒီလူဟာ အသက်သေနိုင်လောက်တဲ့ အခြေအနေရှိ၊ မရှိ ခန့်မှန်းနိုင်တယ်လို့ ယူဆကြောင်း တင်ပြလိုက်ရပါတယ်။

အိမ်မှာ အိမ်ထောင်ရေးအဆင်မပြေတာ၊ အလုပ်ထဲမှာ အထက်လူကြီး၊ အောက်လက်ငယ်သားတွေနဲ့ အဆင်မပြေတာ၊ အလုပ်များလွန်းတာတွေဟာ စိတ်ဖိစီးမှု (Stress) ကို ဖြစ်စေပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါတွေကို ဖြစ်စေတာ သိကြပြီးဖြစ်ပါတယ်။ အခုဖော်ပြမယ့် ဆေးပညာသတင်းကတော့ လူရဲ့ခန္ဓာကိုယ်မှာရှိနေတဲ့ Cells ခေါ် ကလာပ်စည်းတွေရဲ့ ဖိနှိပ်ခံရမှုတွေကတော့ ဘယ်အခြေအနေရှိနေသလဲ (Cellular Stress Response) ကိုလည်း စမ်းသပ်သိရှိနိုင်ပြီဆိုတာ တင်ပြချင်ပါတယ်။ ဒီစမ်းသပ်မှုကိုတော့ ဂျာမနီနိုင်ငံ Max Plack Institute of Biochemistry ဌာနက ဆေးသိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ Cells တွေက သူတို့အန္တရာယ်ဖြစ်စေတဲ့ အပူလွန်ကဲမှု၊ အအေးလွန်ကဲမှု၊ Radiation ခေါ် ဓာတ်ရောင်ခြည်နှင့်ထိတွေ့မှု၊ ဓာတု အဆိပ်ပစ္စည်းများနှင့် ထိတွေ့မှုတွေမှာ အပြောင်းအလဲဖြစ်ကြပြီး Cellular Emergency Program ကလာပ်စည်း အရေးပေါ်အခြေအနေကို ဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒီထိတွေ့မှုမှာ အချိန်အဆပေါ်မူတည်ပြီး Cells တွေ အထဲမှာရှိတဲ့ Protein အမျိုးအစား ၁၅၀၀၀ မှာလည်း ပြောင်းလဲမှုတွေ ဖြစ်လာနိုင်တယ်လို့ဆိုပါတယ်။ ဒီအထဲက အပြင်းထန်ဆုံးကတော့ Cell တစ်ခုစီရဲ့ Nucleus မှာရှိတဲ့ DNA ပြောင်းလဲမှုပဲဖြစ်တယ်လို့ဆိုပါတယ်။ ဒီလို Cellular Stress Response ကို လေ့လာနိုင်ခြင်းဟာ Degeneration ခေါ် အိုမင်းရင့်ရော်ခြင်းကြောင့် ပျက်စီးမှုဖြစ်ပြီး ဖြစ်လာတဲ့ရောဂါတွေဖြစ်တဲ့ Alzeimer's, Parkinson နှင့် တခြားရောဂါတွေရဲ့ ဖြစ်လာနိုင်မှုအခြေအနေတွေ ကို ခန့်မှန်းနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

အီဘိုလာဗိုင်းရပ်စ် (Ebolar Virus)ရောဂါအကြောင်း ဖော်ပြခဲ့ပြီးပါပြီ။ ဒီရောဂါဟာ အနောက်အာဖရိကနိုင်ငံတွေဖြစ်တဲ့ ဂီနီ၊ ဆီယာလီယွန်း၊ လိုင်ဘေးရီးယားနှင့် နိုင်ဂျီးရီးယားနိုင်ငံတွေမှာ ဖြစ်ပေါ်နေတာ ယခုအခါဆိုရင် ရောဂါဖြစ်သူ ၂၀၀၀ နီးပါးရှိပြီး သေဆုံးသူ ၁၀၀၀ ကျော်ရှိနေပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာလိုက်ပါတယ်။ အမေရိကန်၊ အင်္ဂလန်နိုင်ငံနဲ့ အာရှနိုင်ငံတွေကိုလည်း ဒီရောဂါနဲ့ ပတ်သက်ပြီး သတိထားကြဖို့ နှိုးဆော်ထားပါတယ်။ အာဖရိက၊ ဆီယာလီယွန်းနိုင်ငံတွေကတော့ ရောဂါအဖြစ်အများဆုံးနိုင်ငံတွေဖြစ်လို့ ယခုအခါ ဒီနိုင်ငံမှာ အရေးပေါ်အခြေအနေ (State of Emergency) အဖြစ် ကြေညာလိုက်ပါပြီ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဒီရောဂါကို နိုင်ငံတကာကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာလိုက်ပါပြီ။ အားတက်စရာသတင်းက Mapp Pharmacutical ကထုတ်လုပ်လိုက်တဲ့ Z Mapp ဆိုတဲ့ဆေးဟာ အမေရိကန်နိုင်ငံက ရောဂါဖြစ်သူ နှစ်ဦးကို စမ်းသပ်ပေးကြည့်တဲ့အခါ ထိရောက်တဲ့ဆေးဖြစ်နေတာကြောင့် ဒီဆေးကိုအသုံးပြုဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျင့်ဝတ်ဆိုင်ရာလုပ်ထုံးလုပ်နည်းနဲ့ ညီ၊ မညီ စဉ်းစားနေကြပြီး ယခုအခါမှာတော့ ခွင့်ပြုလိုက်ပြီလို့ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဆေးဟာ တိရစ္ဆာန်တွေမှာသာ စမ်းသပ်အသုံးပြုခဲ့ကြပြီး လူတွေမှာ မစမ်းသပ်ရသေးတဲ့ဆေးဖြစ်နေလို့ပါ။ ဒီဆေးကို ဆေးရွက်ကြီးက ထုတ်လုပ်ခဲ့တာလို့လည်း သိရပါတယ်။

ဒီရောဂါကူးစက်မှုမှာ အရေးအကြီးဆုံးကတော့ ဒီရောဂါနဲ့သေဆုံးသူတွေကို မြှုပ်နှံသင်္ဂြိုဟ်တာမှာ ကိုင်တွယ်ပုံဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထောက်ပြထားပါတယ်။ သူတို့ဓလေ့ထုံးစံအရ သေဆုံးသူတွေကို ကိုင်တွယ်ရေချိုးပေးတာဖြစ်တယ်လို့ဆိုပါတယ်။ ဒီရောဂါရှင်တွေဟာ သေဆုံးချိန်မှာ ဗိုင်းရပ်စ်ပိုးအများဆုံးအချိန်ဖြစ်ပြီး ဒီရောဂါရှင်တွေကထွက်တဲ့ အော့အန်၊ ဝမ်းသွားတဲ့အရည်နဲ့ သွေးတွေမှာ ရောဂါပိုးတွေရှိနေတာကြောင့် အထူးသတိထားဖို့လိုတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ဒီလိုသင်္ဂြိုဟ်မယ့်ကိစ္စကို ကျွမ်းကျင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့သာ ဆောင်ရွက်သင့်တယ်လို့ ဆိုပါတယ်။ ဒီရောဂါနဲ့သေဆုံးသွားရင် အောက်ပါအချက်တွေအတိုင်း ဆောင်ရွက်ဖို့ နှိုးဆော်ထားပါတယ်။

(၁) ဒီရောဂါနဲ့သေဆုံးသူရှိရင် ချက်ချင်းကျန်းမာရေးဝန်ထမ်းတွေကို အကြောင်းကြားပါ။
(၂) သေဆုံးသူကို ပိုးသေဆေးတွေနဲ့ ဖျန်းပြီးမှ ကိုင်တွယ်ပါ။
(၃) ပြီးလျှင် အလောင်းကို ပလတ်စတစ်အိတ်ကြီးထဲကို ထည့်ပါ။
(၄) နောက်ပြီး ပိုးသေဆေး တစ်ခါထပ်ဖျန်းပါ။
(၅) ပြီးမှ နောက်ပလတ်စတစ်အိတ်တစ်ခု ထပ်စွပ်ပါ။
(၆) ပြီးမှ မြေမြှုပ်ခြင်း သို့မဟုတ် မီးသင်္ဂြိုဟ်ခြင်း တစ်ခုခုပြုလုပ်ရန်တို့ဖြစ်ပါတယ်။

ဒီရောဂါရှိသူတွေကို ကုသပေးနေတဲ့ အမေရိကန်နိုင်ငံသား ဆရာဝန်တစ်ဦးနဲ့ သာသနာပြုအမျိုးသမီးတစ်ဦးဟာလည်း ရောဂါကူးစက်ခံရပြီး ဆေးကုသမှုခံယူဖို့ အမေရိကန်နိုင်ငံကိုပြန်ခေါ်သွားပြီလို့ သိရပါတယ်။

ဆီယာလီယွန်းနိုင်ငံတွင် သေဆုံးရသူတွေထဲမှာ Ebolar Virus ရောဂါခံစားနေရသူတွေကို ကုသပေးနေတဲ့ဆရာဝန်တစ်ဦးနဲ့ သူနာပြုဆရာမသုံးဦးလည်း ပါဝင်ပါတယ်။ သေဆုံးရသူဆရာဝန်ကတော့ အသက် (၃၉)နှစ်သာရှိသေးတဲ့ ဒေါက်တာအိုမာခန်း ဆိုသူဖြစ်ပြီး သူဟာ Ebolar ရောဂါဖြစ်နေသူ ၁၀၀ လောက်ကို ကုသပေးနိုင်ခဲ့ပြီး ယခုအခါ လူ ၂၀၀ လောက်ကို ကုသနေသူဖြစ်တယ်လို့ သိရပါတယ်။ အချိန်မရွေး ကိုယ့်ထံကို ရောဂါကူးစက်လာနိုင်တယ်ဆိုတာ သိရက်နဲ့ မိမိအသက်ကို ပဓာနမထားဘဲ ကူးစက်နိုင်တဲ့ရောဂါရှင်တွေကို ကုသကယ်တင်ပေးခဲ့တဲ့ ဆီယာလီယွန်းနိုင်ငံက ဒေါက်တာအိုမာခန်းနဲ့ သူနာပြုဆရာမသုံးဦးကို စံနမူနာယူထိုက်သူတွေအဖြစ် လေးစားစွာဂုဏ်ပြုရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။



**အမျိုးသားလွှတ်တော်ရုံးအတွက်**
**မော်တော်ယာဉ်များဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည် -

| | | |
|---|---|---|
| (က) | Toyota Premio(Saloon) | (၅) စီး |
| (ခ) | Toyota Axio(Saloon) | (၁၀) စီး |
| (ဂ) | Toyota Fielder (Van) | (၆) စီး |
| (ဃ) | Light truck(1)ton | (၂) စီး |
| (င) | Truck Canter (14)ft | (၁) စီး |
| (စ) | Truck (18)ft | (၁) စီး |
| (ဆ) | Toyota Hilux VIGO(Double Cab) | (၂) စီး |
| (ဇ) | Toyota Hiace(7) Seaters | (၂) စီး |

တင်ဒါပုံစံများရောင်းချမည့်ရက်-အချိန် - ၄-၉-၂၀၁၄ရက်မှ ၁၁-၉-၂၀၁၄ရက်ထိ ၉း၃၀နာရီမှ ၁၆း၀၀နာရီ
တင်ဒါပိတ်မည့်ရက်/ အချိန် - ၁၅-၉-၂၀၁၄ရက်၊ ၁၆း၀၀နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - အမျိုးသားလွှတ်တော်ရုံး၊ 1-G ဆောင်၊ နေပြည်တော်။

၂။ တင်ဒါပုံစံ(၁)စုံလျှင် ကျပ် ၂၀၀၀၀ိ/-(ကျပ်နှစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း- ၀၆၇-၅၉၁၂၃၀၊ ၀၆၇-၅၉၁၂၃၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမျိုးသားလွှတ်တော်ရုံး၊နေပြည်တော်

# စစ်သွေးကြွများက သတင်းထောက်တစ်ဦးကို ဒုတိယအကြိမ် ခေါင်းဖြတ်သတ်ပြ

ဝါရှင်တန် စက်တင်ဘာ ၃

**အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အစ္စလာမ္မစ်စစ်သွေးကြွများ၏ အမေရိကန်သတင်းထောက် စတီဗင်ဆော့လို့ဖ်အား ခေါင်းဖြတ်သတ်ဖြတ်ပြသည့် ဗီဒီယိုကို ရရှိပြီးနောက် အမေရိကန်ကို မည်သည့်ခြိမ်းခြောက်မှုမျိုးနှင့်မျှ ခြောက်လှန့်၍မရနိုင်ကြောင်း ပြောကြားသည်။**

ကျွန်ုပ်တို့လျှောက်လှမ်းခဲ့သော ခရီးသည် အတော်တွင်လှပြီဖြစ်သည်။ ကျွန်ုပ်တို့၏ တရားမျှတမှုကို ထိန်းသိမ်းရမည်ဟု အိုဘားမားက သတိပေးပြောကြားခဲ့သည်။ လွန်ခဲ့သောလကလည်း အမေရိကန်သတင်းထောက် ဂျိမ်းစ်ဖိုလေးကို အစ္စလာမ္မစ်စစ်သွေးကြွများက ခေါင်းဖြတ်သတ်ခဲ့သည်။

အလားတူပင် ဗြိတိန်နိုင်ငံသည် ဗြိတိသျှခားစာခံတစ်ယောက်အား သတ်ဖြတ်ရန်ခြိမ်းခြောက်သည့် ဗီဒီယိုဖိုင်တစ်ခု ရရှိပြီးနောက်တွင် အရေးပေါ်အစည်းအဝေးတစ်ခု ကျင်းပခဲ့ရသည်။

အမေရိကန် စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် အမေရိကန်သတင်းထောက် စတီဗင်ဆော့လို့ဖ်အား သတ်ဖြတ်သည့် ဗီဒီယိုကို စစ်ဆေးရာတွင် အမှန်တကယ်ဖြစ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ ကိတ်လင်းဟေဒန်က ဆိုသည်။

ခေါင်းဖြတ်သတ်ဖြတ်ခြင်းသည် ဆိုးဝါးသောအကြမ်းဖက်လုပ်ရပ်တစ်ခုဖြစ်သည်။ စတီဗင်ကို သတ်ဖြတ်ခြင်းအပေါ် ကျွန်ုပ်တို့တစ်နိုင်ငံလုံးက ပူဆွေးသောကရောက်နေကြရသည်ဟု ဘာရက်အိုဘားမားက ပြောကြားခဲ့သည်။

စတီဗင်လို အပြစ်ကင်းသည့် အမေရိကန်များကို သတ်ဖြတ်သည့်လုပ်ငန်းသည် အစ္စလာမ္မစ်စစ်သွေးကြွများ၏ အောင်မြင်မှုမဟုတ်ဟု ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့လုပ်ရပ်သည် တစ်ကမ္ဘာလုံးမှ လက်မခံနိုင်သည့် လုပ်ရပ်မျိုးဖြစ်သည်။ ထို့ကြောင့် အမေရိကန်ကို ထိုသို့လုပ်ရပ်မျိုးဖြင့် ခြောက်လှန့်၍မရကြောင်းနှင့် အမေရိကန်သည် ထိုလုပ်ရပ်များကြောင့် ပို၍ပင်စည်းလုံးညီညွတ်မှုရှိစေကြောင်း ၎င်းကဆိုသည်။

**(ဘီဘီစီ)**



# ယာယီစောင့်ရှောက်ရေးဂေဟာ(မန္တလေး)ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် စက်တင်ဘာ ၁ ရက်တွင် မန္တလေးမြို့ အမျိုးသမီးအသက်မွေးအတတ်ပညာသင်ကျောင်း၌ အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့် ရွှေချည်ထိုးလုပ်ငန်းနှင့် ရွှေပြားကပ်လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြုစုစောင့်ရှောက်ထားသည့် အမျိုးသမီးများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးခံရသူများအတွက် ယာယီစောင့်ရှောက်ရေးဂေဟာ(မန္တလေး)သို့ ရောက်ရှိ၍ လူကုန်ကူးခံရသူ အမျိုးသမီး ရှစ်ဦးတို့ကို မိဘများထံ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး၊ လူကုန်ကူးမှုကာကွယ်တားဆီးရေး ပညာပေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရေးနှင့် လူကုန်ကူးခံရသူ အမျိုးသမီးများကို အားပေးစကား ပြောကြားသည်။

ထို့နောက် မန္တလေး နားမကြားသော ကလေးများကျောင်း၌ သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ၁၄၇ ဦး၊ သတ္တမတန်းမှ ဒသမတန်းအထိ ၂၂ ဦး၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနေသူ ၁၀ ဦးနှင့် ဌာနပိုင်ကလေးခြောက်ဦး စုစုပေါင်း နားမကြားသောကလေး ၁၈၅ ဦးတို့ကို နားမကြားပညာရေးစနစ်ဖြစ်သည့် လက်သင်္ကေတပြ ဘာသာစကား (Sign Language)ဖြင့် သင်ကြားနေမှုများအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီးဌာနအနေဖြင့် လူကုန်ကူးခံရသူများအတွက် ယာယီစောင့်ရှောက်ရေးဂေဟာများကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ မူဆယ်မြို့၊ ကော့သောင်းမြို့နှင့် မော်လမြိုင်မြို့တို့တွင် ဖွင့်လှစ်ထားရှိပြီး ၁၉၉၂ ခုနှစ်မှ ယနေ့အချိန်ထိ လူကုန်ကူးခံရသူ စုစုပေါင်း ၂၃၁၇ ဦးတို့ကို ၎င်းတို့၏ မိဘများထံ ပြန်လည်ပေါင်းစည်းပေးခဲ့ပြီးဖြစ်သည်။

မြဝတီမြို့နှင့် တာချီလိတ်မြို့တို့တွင်လည်း လူကုန်ကူးခံရသူများအတွက် ယာယီစောင့်ရှောက်ရေးဂေဟာများကို ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခေါင်းဇောက်ထိုးဖြစ်နေသည့် ဘရာဇီးသား စကားပြောကောင်းသူတစ်ဦးဖြစ်လာ

ဘရာဇီးနိုင်ငံသား ကလောက်ဒီယို ဗီရိရာဒီအိုလီဗီယာသည် မသန်စွမ်းသူတစ်ဦးအဖြစ် မွေးဖွားလာပြီး ထူးဆန်းစွာ ဦးခေါင်းမှာ နောက်သို့လန်ပြီးဇောက်ထိုးကျလျက်ရှိသည်။ ထို့ထက်ထူးဆန်းသည်မှာ သူသည် ပရိသတ်ရှေ့တွင် စကားပြောဆိုရာတွင် စိတ်ဓာတ်များတက်ကြွအောင် ပြောဆိုနိုင်သည့် စကားပြောကောင်းသူတစ်ဦး ဖြစ်လာခြင်းပင်ဖြစ်သည်။

အသက် ၃၇ နှစ်ရှိ အိုလီဗီယာ၏ ဦးခေါင်းသည် နောက်သို့လန်ပြီး ဇောက်ထိုးကျနေသလို လိမ်ဖည်ရွဲ့စောင်းနေသည့် ခြေလက်အင်္ဂါများမှာလည်း အသုံးပြု၍မရကြောင်း သည်မိုင်ဒါသတင်းစာက ရေးသားဖော်ပြသည်။

အိုလီဗီယာ မွေးဖွားပြီးစတွင် သူ့မိခင်က သူ့ကို အသက်ရှင်နိုင်လိမ့်မည်ဟု မထင်ခဲ့သော်လည်း အိုလီဗီယာ






သည် အပြင်းအထန်ကြိုးစားလေ့လာသင်ယူခဲ့မှုကြောင့် စာရင်းကိုင်တစ်ယောက်အဖြစ် ဘွဲ့ရခဲ့ပြီး စကားပြောကောင်းသူတစ်ဦးဖြစ်လာကြောင်း ဆရာဝန်များက ပြောကြားသည်။

အိုလီဗီယာက သူသည်အခြားလူများကို လုံးဝမှီခိုအားထားလိုစိတ်မရှိကြောင်း၊ ထို့ကြောင့် တီဗွီဖွင့်ခြင်း၊ ဆဲလ်ဖုန်းအသုံးပြုခြင်း၊ ရေဒီယိုဖွင့်ခြင်း၊ အင်တာနက်နှင့် ကွန်ပျူတာအသုံးပြုခြင်းများကို ကြိုးစားလေ့လာသင်ယူခဲ့ကြောင်း ပြောကြားသည်။

အိုလီဗီယာ၏ ရောဂါအခြေအနေမှာ ဖြစ်ပွားရန်ရာခိုင်နှုန်းအလွန်နည်းသော မွေးရာပါမသန်စွမ်းခန္ဓာကိုယ်ကောက်ကွေးသည့် ရောဂါဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။

**(အိန္ဒိယတုဒေး)**






# ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်းကျေးရွာ ဆိုလာမီးလင်းရေးဆောင်ရွက် အိမ်ခြေ ၁၅၀ ကျော်၊ စာသင်ကျောင်းနှင့် လမ်းများ မီးလင်း

**ပြင်ဦးလွင် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်း(တောင်)ကျေးရွာတွင် ရတနာပုံဆိုလာကုမ္ပဏီမှ လှူဒါန်းသည့် ဆိုလာမီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က အဆိုပါ



ကျေးရွာ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးချီးမြှင့်ပြီး ဆိုလာမီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရတနာပုံဆိုလာကုမ္ပဏီမှ အင်ဂျင်နီယာဌာနမှူး ဦးမောင်မောင်လွင်က ဆိုလာ Mini Grid မီးလင်းရေးလုပ်ငန်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ပိန္နဲကုန်း(တောင်)ကျေးရွာမီးလင်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပိန္နဲကုန်း(တောင်)ကျေးရွာဒေသခံများ ကိုယ်စား ဦးသိန်းတန်က ကျေးလက်မီးလင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသော တာဝန်ရှိသူများနှင့် အလှူရှင်ကုမ္ပဏီတို့အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပိန္နဲကုန်း(တောင်)ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရပ်မိရပ်ဖများ၊ ပြည်သူများအား တွေ့ဆုံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ပိန္နဲကုန်း(တောင်)ကျေးရွာတွင် စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းအပါအဝင် အိမ်ခြေ ၁၅၁ လုံးနှင့် ကျေးရွာလမ်းတို့အတွက် ဆိုလာမီးများအား ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **သီဟကိုကို(မန္တလေး)**




## ရေလုပ်ငန်းခွင်သို့ဝင်ရောက်ရန် ပြင်ဆင်

**ရေး စက်တင်ဘာ ၃**

မွန်ပြည်နယ် ရေးမြို့နယ် အဘော်ကျားတန်းရေလုပ်ငန်းစုများမှ ကျားဖောင်များဖြင့် ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းခွင်သို့ အချိန်မီဝင်ရောက်နိုင်ရန် ပြင်ဆင်နေကြကြောင်း သိရသည်။ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုရာ ကျားဖောင်တစ်ဖောင်အား ဝါးပိုးဝါးများကို ဝါးအလုံးရေ ၇၀ ခန့်ဖြင့် တစ်လုံးလျှင် ငွေကျပ် ၇၀၀၀ ဈေးပေးဝယ်ကြရသဖြင့် မွန်ပြည်နယ်အတွင်းမှထွက်ရှိသည့် ဝါးများဖြစ်၍ စိုက်ပျိုးထားရှိသူများနှင့် အရောင်းအဝယ်များမှာ ဈေးကွက်အတွင်းအလုပ်ဖြစ်လျက်ရှိကြသည်။ ကျားဖောင်တစ်ဖောင်၏ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ကုန်ကျစရိတ်မှာ ကျပ်သိန်း ၇၀ နီးပါးခန့် ရင်းနှီးမြှုပ်နှံထားကြကြောင်း သိရသည်။ ကျားဖောင်ရေလုပ်ငန်းစုအများအပြားမှာ ရေလုပ်ငန်းကိုတော်သလင်းလပြည့်ကျော် ၆ ရက် ၇ ရက်တို့တွင် ပင်လယ်ပြင် ငါးဖမ်းရေလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်သွားကြမည့် ရေလုပ်ငန်းရှင်အများအပြားမှာ ယခင်နှစ်က ငါးကုန်ကြမ်းများအဝင်များ၍ ရင်းနှီးမြှုပ်နှံထားသည်ထက် အကျိုးအမြတ်ပိုမိုကောင်းကြသဖြင့် လုပ်ငန်းအဆင်ပြေလျက်ရှိကြသည်။ ယခုနှစ်တွင်လည်း ငါးဖမ်းလုပ်ငန်းများအဆင်ပြေကြလိမ့်မည်ဟု ရေလုပ်ငန်းရှင်များက လက်ခံယုံကြည်နေကြကြောင်း သိရသည်။ **(ထွန်းထွန်း)**



# မန္တလေးစက်မှုဇုန်တစ်ဝိုက်ရှိ အိမ်ဝိုင်းများ စက်ရေတွင်းတူးဖော်မှုများပြား

**မန္တလေး စက်တင်ဘာ ၃**


မန္တလေး စက်မှုဇုန်(၁)နှင့် စက်မှုဇုန်(၂)တစ်ဝိုက်တွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုအဖြစ် မြေကွက်များကို ဝယ်ယူရင်းနှီးမြှုပ်နှံလာကြသည်။ မြေကွက်ပိုင်ရှင်များသည် အဆောက်အအုံမဆောက်မီ ရေရရှိရန်အတွက် ဘုံပိုင်များ တူးဖော်လေ့ရှိကြသည်။ ထိုသို့တူးဖော်မှုတွင် လက်ဘားရိုက်ဘုံပိုင်တွင်းထက် စက်ရေတွင်းများကို အများဆုံးတူးဖော်ကြသည်။ ထိုသို့တူးဖော်ခြင်းမှာ စက်မှုလုပ်ငန်းများအတွက် ရေကိုအလုံအလောက်ရရှိစေရန်ရည်ရွယ်၍ ပန့်များဖြင့် စုပ်တင်နိုင်အောင် စီမံခြင်းဖြစ်သည်။

စက်ရေတွင်းတူးဖော်မှုတွင် ဒေသအခေါ်အားဖြင့် စက်ကြီးစင်၊ စက်ကလေးစင်၊ တောင်ကြီးစင်ဟူ၍ ခေါ်ဝေါ်ကြသည်။ စက်ကြီးစင်အမြင့်ပေမှာ ပေ ၃၀ ရှိပြီး မြေအောက်သို့ ပေ ၁၅၀၀ အထိ တူးဖော်နိုင်သည်။ တောင်ကြီးစင်မှာ မြေအောက်သို့ ပေ ၇၀၀ ခန့်တူးနိုင်ပြီး စက်ကလေးစင်မှာ မြေအောက်သို့ ပေ ၂၅၀ မှ ၃၀၀ အထိ တူးဖော်နိုင်ကြောင်း သိရသည်။ စက်ရေတွင်းတူးစက်များတန်ဖိုးမှာ ငွေကျပ် သိန်း ၈၀ မှ သိန်း ၁၀၀ အထိ ရင်းနှီးကြရသည်။ စက်ရေတွင်းတူးစက်များတွင် အများစုမှာ ဒိုင်နာဂီယာပေါက်များကို အသုံးပြုတပ်ဆင်ထားကြသည်။

စတင်တူးဖော်သောပိုက်ထိပ်တွင် စိန်သွားတပ်ဆင်ထားပြီး တူးဖော်ကြရသည်။ တူးဖော်မှုတွင် မြေပြန့်နှင့် တောင်ပေါ် ပေကွာခြားမှုရှိသလို တူးဖော်မှုခက်ခြင်း၊ လွယ်ခြင်းတို့လည်း ရှိသည်။ စက်မှုလုပ်ငန်းသုံးများအတွက် ပေ ၁၅၀၀ အထိ တူးဖော်ကြရပြီး အခြားလုပ်ငန်းနှင့် အိမ်သုံးများအတွက် ပေ ၆၀၀ မှ ၇၀၀ အတွင်း တူးဖော်ကြသည်။ တူးဖော်မှုတွင် မြေသားအပေါ်ကြော ပေ ၃၀ မှ ၄၀ တွင် အပေါ်ရေကြောကို စတင်တွေ့ရတတ်သည်။ ပေ ၇၀ မှ ၁၅၀ အတွင်းတွင် ကျောက်ကြောတွေ့ရလေ့ရှိရာ ကျောက်ကြောနေရာတွင် ပိုက်ညပ်ခြင်းများ ဖြစ်တတ်၍ ဂရုစိုက်ကြရသည်။

စက်ရေတွင်းအများစုမှာ မြေအတွင်း လေးလက်မပိုက်ထည့်လေ့ရှိသည်။ ပိုက်ဖိုးများမပါဘဲ စက်ရေတွင်းတူးခမှာ တစ်ပေလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် တူးဖော်သည်။ စက်တစ်စက်လျှင် တွင်းတူးစက်ကိုင်လေးယောက်ခန့်ပါဝင်သည်။ မြေကျစ်ကြော၊ ပွကြောအလိုက် နေ့ညတူးဖော်လေ့ရှိကြသည်။ စက်မှုဇုန်တစ်ဝိုက်မှ စက်ရေတွင်းများသည် ပေ ၇၀၀ အထိ တူးဖော်တတ်ပြီး စက်ရေတွင်းအငှားတူးသူများမှာ ဒေသအနှံ့ လိုက်လံတူးဖော်ကြကြောင်း သိရသည်။


**(တိမ်တမန်)**



### ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆက်ကပ်လှူပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဆရာတော်၊ သံဃာတော် ၄၄၀ ပါးတို့အား မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာ မိသားစုများနှင့် ဓမ္မမိတ်ဆွေများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းနှင့် ဆွမ်းစုပေါင်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၆ ခုနှစ်၊ တော်သလင်း လပြည့်နေ့) ၈-၉-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသွားမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။


ဆက်သွယ်ရန်- ဦးကျော်ကျော်-၀၉-၈၆၀၁၂၃၆၊ ဦးမိုးမြင့်-၀၉-၄၂၀၀၀၃၈၇၉၊ ဦးသန်းအောင်-၀၉-၄၃၀၅၅၁၉၅



**TAXI**

**ရောင်းမည်**

CALDINAR (ကြက်တူရွေး)
EE/4--- (CNG လျှောက်ထားဆဲ)
EE/5--- (ခတ်ဆီ) ညှိနိုင်း
ဖုန်း-၀၉ ၃၁၈၂၅၅၈၀၊ ၀၉ ၂၅၄၀၆၈၀၂၉











ကဲ-စားချင်တာစားခဲ့တာများပြီ
အပူအပုပ်ကင်းစင်
စိတ်ရွှင်ကျန်းမာအောင်
စုစုအေးအောင်
ဝမ်းမှန် အကြောပြေဆေးကိုဆောင်



# အက်စတိုးနီးယားသို့ သမ္မတအိုဘားမား ရောက်ရှိ



**တယ်လင်း စက်တင်ဘာ ၃**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အက်စတိုးနီးယားနိုင်ငံသို့ စက်တင်ဘာ ၃ ရက် အစောပိုင်းတွင် လေယာဉ်ဖြင့် ဆိုက်ရောက်လာကြောင်း၊ နေတိုးအဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲ အကြိုနေ့တွင် အက်စတိုးနီးယားနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ဗြိတိန်နိုင်ငံ ဝေလနယ်၌နေတိုးအဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲသို့ သမ္မတအိုဘားမားတက်ရောက်ခြင်းမရှိမီအက်စတိုးနီးယားနိုင်ငံ တယ်လင်းမြို့၌ ယင်းနိုင်ငံ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ အလေးအနက်ပြု ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျို့ရှ်အန်းနက်စ်က ပြောကြားသည်။

ဆိုဗီယက်ပြည်ထောင်စုတွင် တစ်ချိန်က ပါဝင်ခဲ့ပြီး ယခုအခါ နေတိုးအဖွဲ့ဝင်နိုင်ငံများဖြစ်လာသည့် ဘောလ်တစ်နိုင်ငံများ၏ လုံခြုံ ရေးအတွက် အမေရိကန်ကအကူအညီပေးသွားမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။ **ရိုက်တာ။**

## ဂျပန်အလယ်ပိုင်းရှိ သံမဏိစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား ၁၃ ဦး ဒဏ်ရာရ

**တိုကျို စက်တင်ဘာ ၃**

ဂျပန်နိုင်ငံ အလယ်ပိုင်းရှိ သံမဏိစက်ရုံတစ်ရုံ၌ စက်တင်ဘာ ၃ ရက်က ပေါက်ကွဲမှု ဖြစ်ပွားရာ ၁၃ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တိုကိုင်းမြို့ရှိ သံမဏိပြားများနှင့် သံမဏိပိုက်များ ထုတ်လုပ်သည့် နီပွန်သံမဏိနှင့် ဆူမစ်တိုမိုသတ္တုလုပ်ငန်းစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးခိုးလုံးများ ပေါ်ထွက်လာပုံကို ရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်ပြသသည်။ အဆိုပါစက်ရုံ၏ ထုတ်လုပ်ရေးလုပ်ငန်းတွင် အလုပ်သမားပေါင်း ၃၀၀၀ ရှိသည်။

စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၆ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားသည်ဟု မီးသတ်ဌာနက သတင်းရရှိခဲ့ကြောင်း အိချိခရိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ သံမဏိစက်ရုံသည် ကမ္ဘာပေါ်ရှိ သံမဏိထုတ်လုပ်ရေး စက်ရုံများအနက် ဒုတိယအကြီးဆုံးဖြစ်သည်။

မီးဖိုတစ်လုံး၌ မီးလောင်မှု ဖြစ်ပွားရာမှ အသေးစား ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း တိုကိုင်းမြို့ အုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရိုက်တာ။

# ရုရှားနှင့်တရုတ်နိုင်ငံတို့ကိုဆက်သွယ်ထားသော ဓာတ်ငွေ့ပိုက်လိုင်းသစ်တည်ဆောက်မှုစတင်



ရုရှားနိုင်ငံအရှေ့ပိုင်း ဆိုက်ဘေးရီးယား၌ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်း စတင်စဉ်။

**မော်စကို စက်တင်ဘာ ၃**

ရုရှားနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ထားသော ဓာတ်ငွေ့ပိုက်လိုင်းသစ်တည်ဆောက်ရေးစီမံကိန်းစတင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၃ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနှင့်တရုတ်နိုင်ငံဆက်သွယ်သောဓာတ်ငွေ့ပိုက်လိုင်းသစ် စတင်တည်ဆောက်ခြင်းအထိမ်းအမှတ် အခမ်းအနားတစ်ရပ်ကို ဆိုက်ဘေးရီးယားဒေသရှိ ယာကွတ်စ်မြို့၌ စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။ ယင်း အခမ်းအနားသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ကျန်ဂေါင်းလီတို့ တက်ရောက်ကြသည်။

ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတွင် တရုတ်နိုင်ငံဘက်မှ တာဝန်ယူရမည့် ဆောက်လုပ်ရေးလုပ်ငန်းကို ၂၀၁၅ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း စတင်မည်ဖြစ်ကြောင်း ကျန်ကပြောကြားသည်။ ပထမဆုံးဓာတ်ငွေ့ကို ဆိုက်ဘေးရီးယားဒေသမှ တရုတ်နိုင်ငံမြောက်ပိုင်းဒေသသို့ ၂၀၁၉ခုနှစ် အစောပိုင်းတွင် ပို့လွှတ်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ အမျိုးသားရေနံလုပ်ငန်း ကော်ပိုရေးရှင်းသည် ရုရှားနိုင်ငံရှိ ဂက်စ်ပရွမ်ကုမ္ပဏီထံမှ ဒေါ်လာ ဘီလီယံ ၄၀၀ ဖိုး ဓာတ်ငွေ့ဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ရုရှားနိုင်ငံသည် နှစ်၃၀ကာလတွင် နှစ်စဉ်ဓာတ်ငွေ့ ကုဗမီတာ ၃၈ ဘီလီယံ တင်ပို့ပေးမည်ဖြစ်သည်။ **ဆင်ဟွာ။**

## ကင်ညာသမ္မတ လုံခြုံရေးလိုက်ပါသည့်ကား ခိုးယူခံရပြီးနောက် ယူဂန္ဒာ၌ ပြန်လည်တွေ့ရှိ

**နိုင်ရိုဘီ စက်တင်ဘာ ၃**

ကင်ညာသမ္မတ၏ လုံခြုံရေးတာဝန် ထမ်းဆောင်ရာ၌ အသုံးပြုသော မော်တော်ယာဉ်များအနက်မှ ခိုးယူခြင်းခံရသော မော်တော်ယာဉ်တစ်စီးကို ယူဂန္ဒာနိုင်ငံ၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

မြို့တော် နိုင်ရိုဘီ၌ လွန်ခဲ့သည့် တနင်္ဂနွေနေ့ညတွင် ကားသူခိုးများက သေနတ်ဖြင့်ချိန်၍ ဘီအမ်ဒဗလျူကားကို ယူဆောင်သွားခြင်းဖြစ်သည်ဟုဆိုသည်။

ယခုအခါတွင် ယင်းကားကို နိုင်ရိုဘီသို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း ယူဂန္ဒာနိုင်ငံမှ နိုင်ငံတကာ ရဲတပ်ဖွဲ့ (အင်တာပို) ညွှန်ကြားရေးမှူး အက်ဆန်ကာဆင်ဂျဲက ဘီဘီစီသို့ ပြောကြားသည်။

ကင်ညာမြို့တော်တွင် နေ့စဉ်နေ့တိုင်း အနည်းဆုံး ကားခိုးမှု သုံးမှုဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့၏ နောက်ဆုံး ဖော်ပြထားသော ကိန်းဂဏန်းများတွင် ဖော်ပြထားသည်။

သမ္မတ အူဟူရူကင်ယက်တာ၏ ပြောရေးဆိုခွင့်ရှိသူက ကားခိုးမှုကို အရေးမကြီးသော အမှုအခင်းအဖြစ် ရှုမြင်ကြစေရန် ကြိုးစားလျက်ရှိစဉ် ကင်ညာမီဒီယာများတွင်မူ ယင်းကားခိုးမှု သတင်းကို အလေးပေးဖော်ပြကြောင်း နိုင်ရိုဘီမှ ဘီဘီစီ သတင်းထောက်က ပြောသည်။

ထိုအချိန်က ယင်းကားသည် လုံခြုံရေး မော်တော်ယာဉ်တန်းမှ ကားမဟုတ်ကြောင်း၊ သာမန်ရဲကားတစ်စီးသာဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ယင်းကားကို သမ္မတ လုံခြုံရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူ ရဲအရာရှိ တစ်ဦးကမောင်းနှင်လျက်ရှိသော ကားဖြစ်ကြောင်း ကင်ညာသတင်းစာများက ဖော်ထုတ်ရေးသားကြသည်။

ယူဂန္ဒာနိုင်ငံနှင့် နယ်စပ်မြို့ ဘန်ဂိုမာ၊ နိုင်ငံအနောက်မြောက်ပိုင်းမြို့တော် နာကူရူနှင့် နိုင်ရိုဘီမြို့များ၌ ဖြစ်ပွားခဲ့သော ခိုးမှုများအတွက် အနည်းဆုံးလူသုံးဦးကို ဖမ်းဆီးထားကြောင်း ၎င်းတို့က ပြောကြားကြသည်။ **ဘီဘီစီ။**



# တူရကီတွင် ဦးခေါင်းနှစ်လုံးပါမြွေ တွေ့ရှိ

တူရကီ လယ်သမားတစ်ဦးက ရှာဖွေတွေ့ရှိခဲ့သော ခေါင်းနှစ်လုံးပါ မြွေကို တွေ့ရစဉ်။



**အန်ကာရာ စက်တင်ဘာ ၃**

တူရကီနိုင်ငံအရှေ့မြောက်ပိုင်းတွင် လယ်သမားတစ်ဦးက ရှားပါးသည့် ဦးခေါင်းနှစ်လုံးပါသည့် မြွေတစ်ကောင်ကို တွေ့ရှိခဲ့ကြောင်း ဘီဘီစီ သတင်းတွင် မကြာသေးမီက ဖော်ပြသည်။

ယင်းသတ္တဝါကို ပင်လယ်နက်ကမ်းရိုးတန်းပြည်နယ် ဂီရီဆန်တွင် တွေ့ရှိခဲ့ပြီး ယခုအခါ နိုင်ငံအနောက်တောင်ဘက်ကမ်းခြေရှိ အန်တောလ်ယာမြို့မှ တွားသွားသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနတွင် သီးခြားခွဲ၍ ထားရှိသည်ဟု တားကစ်ရှ်နေ့စဉ်သတင်းစာ ရာဒီကောလ်က ဖော်ပြသည်။

စောင့်ရှောက်ရေးတာဝန်ခံအော့ဇ်ဂွါက ယင်းမြွေကို ယင်း၏ ပုံပန်းသဏ္ဌာန်ကြောင့် အချိန်ပြည့်စောင့်ကြည့်ရန်လိုအပ်ကြောင်း ပြောသည်။

ဦးခေါင်းနှစ်လုံးပါသော မြွေသည် သာမန်မြွေများထက် လည်ပင်းသေးငယ်ကြောင်း၊ မြွေသတ္တဝါသည် သားကောင်ကို အကောင်လိုက်မျိုချပြီးမှ အစာချေခြင်းဖြစ်ကြောင်း၊ မြွေကို အသားတုံးကြီးကြီးကျွေးလျှင် အသက်ရှုကျပ်တတ်ကြောင်း၊ ထို့ကြောင့် အသားတုံးငယ်ငယ်များ ကျွေးရကြောင်း ၎င်းက ပြောသည်။

ယင်းမြွေငယ်သည် လျင်မြန်စွာ လှုပ်ရှားသွားလာ၍ ခန္ဓာကိုယ် သေးငယ်သော ကိုလူဘားမျိုးနွယ် ဖြစ်ဖွယ်ရာ ရှိသည်ဟုဆိုသည်။ အန်တောလ်ယာအကွာရီယံ တွားသွားသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနတွင် တာဝန်ထမ်းဆောင်သူ ကူနီယက်အဲလ်ဂူပင်က ဦးခေါင်းနှစ်လုံးပါသော မြွေမှာ ရှားပါးကြောင်း၊ နိုင်ရာစားတောကြီးထဲတွင် အသက်ရှင်သန်လွတ်မြောက်ရေးမှာ မလွယ်ကူကြောင်း၊ ဦးခေါင်းနှစ်လုံးကြောင့် အမိက ရှုံးနိမ့်ရခြင်းဖြစ်ကြောင်း၊ ဦးခေါင်းနှစ်လုံးက တောကောင်ကြီးများ၏ အာရုံစိုက်မှုကို ခံရသဖြင့် တိုက်ခိုက်ခြင်းခံရသည့်အခါ ခန္ဓာကိုယ်တည်ဆောက်ပုံကြောင့် ဒုက္ခရောက်ရကြောင်း ပြောသည်။ ရက်သတ္တနှစ်ပတ်သားမျှသာရှိသေးသော ယင်းမြွေသည် လအနည်းငယ်အတွင်း ၈ လက်မအထိ ရှည်လျားလာမည်ဟု မျှော်လင့်ရကြောင်း အဲလ်ဂူပင်က ပြောသည်။ **ဘီဘီစီ။**

## မင်းသားလီပြောင်ဟွန်းကို ငွေညှစ်ခြိမ်းခြောက်မှုဖြင့် မသက်ာဖွယ်အမျိုးသမီးနှစ်ဦးအား ရဲတပ်ဖွဲ့မှ ထိန်းသိမ်းထား



တောင်ကိုရီးယားရုပ်ရှင်လောကတွင်သာမက ဟောလိဝုဒ်အထိ ထိုးဖောက်ကာ အောင်မြင်မှုများရရှိလျက်ရှိနေသည့် ရုပ်ရှင်ကြယ်ပွင့် လီပြောင်ဟွန်းအား ငွေညှစ်ခြိမ်းခြောက်မှုဖြင့် မသင်္ကာဖွယ်အမျိုးသမီးနှစ်ဦးအား သက်ဆိုင်ရာမှ ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်ကို ဒေသတွင်းမီဒီယာများက သတင်းဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်တွင် ထိန်းသိမ်းခံထားရသည့် အမျိုးသမီးနှစ်ဦးအနက်တစ်ဦးမှာ တောင်ကိုရီးယားအမျိုးသမီးဂီတအဖွဲ့ GLAM မှ အဖွဲ့ဝင် ဒါဟီးဖြစ်ကြောင်း ၎င်း၏အေဂျင်စီမှ အတည်ပြုပြောကြားခဲ့ပြီး အဆိုပါအမျိုးသမီးနှစ်ဦးမှာ မင်းသားလီပြောင်ဟွန်းက ညစ်ညမ်းရိုင်းပြသော အသုံးအနှုန်းများသုံးကာ သောက်စားနေပုံများပါဝင်သည့် ဗီဒီယိုဖိုင်ကို ဖြန့်ချိမည်ဟုဆိုကာ တောင်ကိုရီးယားဝမ်ငါးသန်း ခြိမ်းခြောက်တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာမှစုံစမ်းလျက်ရှိကြောင်း သိရသည်။

မင်းသား လီပြောင်ဟွန်းအနေဖြင့် တောင်ကိုရီးယားမှ ဟောလိဝုဒ်အထိ ထိုးဖောက်ကာ ၂၀၁၅ တွင်ထွက်ရှိလာမည့် ဒါရိုက်တာ အယ်လန်တေလာ၏ ပဉ္စမမြောက် Terminator ဇာတ်လမ်းတွဲ Terminator: Genesis တွင် ပါဝင်သရုပ်ဆောင်ထားသူတစ်ဦးလည်းဖြစ်သည်။

## ဖျာပုံမြို့တွင် ၁၅၀၀ ကျပ်တန် တန်ဖိုးနည်း MPT ဆင်းမ်ကတ်များ ဟန်းဆက်ဝယ်ယူမှ ဆင်းမ်ကတ်ဝယ်ယူခွင့် ရရှိမည်ဟုဆို

**ဖျာပုံ စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ပြည်သူများမျှော်လင့်တောင့်တလျက်ရှိသော ၁၅၀၀ ကျပ်တန် တန်ဖိုးနည်းဆင်းမ်ကတ်များကို စက်တင်ဘာ ၂ ရက်နံနက်မှစတင်၍ ဖျာပုံမြို့ ဒုတိယလမ်းရှိ ဖုန်းအရောင်းဆိုင်များတွင် မှတ်ပုံတင်ကတ်မိတ္တူတင်ပြ၍ ပြည်သူများကို လွတ်လပ်စွာ ရောင်းချနေပြီဖြစ်သည်။ ထိုကဲ့သို့ရောင်းချရာတွင် တန်ဖိုးနည်းဆင်းမ်ကတ်များကို ဟန်းဆက်နှင့် တွဲဖက်ရောင်းချလျက်ရှိပြီး ဟန်းဆက်ဝယ်ယူခြင်းမရှိပါက တန်ဖိုးနည်း ဆင်းမ်ကတ်ရောင်းချခြင်းမရှိကြောင်း သိရသည်။

"ကျွန်တော်တို့က မြန်မာ့ဆက်သွယ်ရေးကရောင်းတဲ့ MPT ဆင်းမ်ကတ်တွေကို ၁၅၀၀ ကျပ်နဲ့ရောင်းမယ်ကြားလို့ ဝမ်းသာနေတာ။ ယခုရောင်းတဲ့အချိန် သွားဝယ်တော့ ဟန်းဆက်ပါတွဲရောင်းနေပါတယ်။ ဟန်းဆက်က ၂၅၀၀၀ ကျပ် ကနေ ၁၀၀၀၀၀ ကျော်အထိ စိတ်ကြိုက်ရွေးပြီး ဝယ်လို့ရပါတယ်။ ဆင်းမ်ကတ်တစ်ခုတည်း သီးခြားဝယ်လို့မရတော့ ဟန်းဆက်ဖိုးမရှိရင် အခက်တွေ့တော့တာပါပဲ။ ဟန်းဆက်က ဝယ်ချင်၊ မဝယ်ချင်ဝယ်ရတော့ အဆင်မပြေဘူးဗျာ"ဟု တန်ဖိုးနည်းဆင်းမ်ကတ်ဝယ်ယူသူ ဖျာပုံမြို့နေပြည်သူတစ်ဦးက ပြောသည်။

နိုင်ငံတော်အစိုးရမှ ပြည်သူများ လူမှုစီးပွားရေးအဆင်ပြေစွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးက ၁၅၀၀ ကျပ်ဖြင့် သတ်မှတ်ရောင်းချသော ဖုန်းဆင်းမ်ကတ်များကို လွတ်လပ်စွာဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသော်လည်း ဖျာပုံမြို့ရှိ ရောင်းချခွင့်ရဖုန်းအရောင်းဆိုင်များမှ ဟန်းဆက်နှင့် တွဲဖက်ရောင်းချခြင်းကြောင့် သတ်မှတ် ၁၅၀၀ ကျပ်အပြင် ဟန်းဆက်ဖိုးကိုပါ ဖြည့်သွင်းဝယ်ယူနေရခြင်းမှာ မြို့နေပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီး လွတ်လပ်စွာဝယ်ယူမှုအတွက် အခက်အခဲဖြစ်နေခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း စိစစ်ရောင်းချပေးမှသာ ပြည်သူများ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

(၅၄၀)

## ဟောင်ကောင်အလှမယ် သရဖူဆွတ်ခူးခဲ့သည့် ဗီရိုနီကာရွှေ

၂၀၁၄ ခုနှစ်၏ ဟောင်ကောင်အလှမယ်ရွေးချယ်ပွဲ အခမ်းအနားတွင် အသက်(၂၄)နှစ်အရွယ် ဗီရိုနီကာရွှေက Title ဆုဖြစ်သည့် Miss Hong Kong သရဖူအပါအဝင် Miss Photogenic နှင့် Miss Congeniality ဆုတို့ကိုပါ ရရှိဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါအလှမယ်ပြိုင်ပွဲတွင် ဗီရိုနီကာက အကဲဖြတ်ဒိုင်များနှင့် ပရိသတ်များထံမှ မဲအရေအတွက် တစ်သိန်းခွဲကျော်နှင့် Title ဆုကို ရရှိဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကာ ခါးနံပါတ် ၉ Erin Wong က မဲအရေအတွက် နှစ်သောင်းရှစ်ထောင်ကျော်နှင့် 1st runner-up အဖြစ်လည်းကောင်း၊ ခါးနံပါတ် ၇ Katherine Ho က မဲအရေအတွက် နှစ်သောင်းလေးထောင်ကျော်နှင့် 2nd runner-up အဖြစ်လည်းကောင်း အသီးသီးရရှိဆွတ်ခူးခဲ့ကြသည်။

အနာဂတ်မျှော်လင့်ချက်အနေဖြင့် ဖျော်ဖြေသူတစ်ဦးဖြစ်လာရန် ရည်မှန်းထားသည့် ကျောင်းသူတစ်ဦးဖြစ်သူ အလှမယ် ဗီရိုနီကာသည် ၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် အလှမယ်ပြိုင်ပွဲတွင် 1st runner-up ဆုကိုရရှိ ဆွတ်ခူးနိုင်ခဲ့သူလည်းဖြစ်သည်။

**မျိုးစန္ဒာမောင်**

## မြန်မာ့ဆက်သွယ်ရေးမှ ထုတ်သော ဆင်းမ်ကတ်အား ကျပ် ၈၀၀၀ ဖြင့် ပြန်ရောင်း

**ကျောက်တံခါး စက်တင်ဘာ ၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိဘပြည်သူများအား ဆင်းမ်ကတ်များ ပိုမိုလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးနှင့် နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာ ၁ ရက်မှစတင်၍ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့်ဆင်းမ်ကတ်များကို လစဉ်လတိုင်းဝယ်ယူရရှိနိုင်ရေး နိုင်ငံအနှံ့ရှိ မြို့များနှင့်မြို့နယ်တိုင်းတွင် ရရှိနိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများနှင့်မီဒီယာများ၊ ဂျာနယ်များတွင် တရားဝင်ကြေညာပေးထားသည့်အတွက် ပြည်သူများဝမ်းသာလျက်ရှိကြောင်း သိရသည်။

ယခုအခါစက်တင်ဘာ ၂ ရက်တွင် ကျောက်တံခါးမြို့ သရဖီလမ်းရှိ နာရီဆိုင်၊ ရေခဲသေတ္တာ၊ လျှပ်စစ်ပစ္စည်းမျိုးစုံ အရောင်းဆိုင်တို့တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှထုတ်သော ကျပ် ၁၅၀၀တန် WCDMA ဆင်းမ်ကတ်များအား တစ်ကတ်လျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ပြန်ရောင်းချနေကြောင်း ဝယ်ယူထားသူများက ပြောပြ၍ သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

■


မြဝတီဘဏ်လီမိတက် ၏
(၃၇)ဘဏ်မြောက်
ထားဝယ် ဘဏ်ခွဲ ကို

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ တွင်
၄. ၉. ၂၀၁၄ ရက် (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်

လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ်

ဆက်သွယ်ရန်လိပ်စာ
မြဝတီဘဏ်လီမိတက်(ထားဝယ်)
အမှတ်(၁၂၃)၊ ဈေးလမ်း၊ ဗိုလ်တောရပ်၊ ထားဝယ်မြို့။
ဖုန်း - ၀၅၉-၂၃၅၀၂၊ ၂၃၅၀၄ ~ ၆
ဖက်(စ်)- ၀၅၉-၂၃၅၀၃၊ ၂၃၅၀၇

# အမ်းမြို့နှင့်လယ်ဝေးမြို့နယ်တို့တွင် ဒိုင်ယာဇီပမ်ထိုးဆေးများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၄၇) စစ်တွေ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက်က အမ်းမြို့ ပဲပဒိုပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်တွေမှ ရန်ကုန်သို့ ယာဉ်မောင်း သိန်းဝင်းမောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်မိုးနှင့် ကျော်သူရတို့ လိုက်ပါလာသော ယာဉ်အမှတ် 1B/---- ခရီးသည်တင်မှန်လုံယာဉ်အား ရှာဖွေရာ ထိုင်ခုံအမှတ် ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊၁၈ တို့အောက်တွင် ထွန်းထွန်းစိုး အမည်ပါ ပီနံအိတ်အတွင်းရှိ စီးကရက် ဂျပ်ဖာအတွင်းမှ 2ml ဒိုင်ယာဇီပမ်ထိုးဆေးအလုံး ၁၄၁၁၀ အားသိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဒိုင်ယာဇီပမ်ထိုးဆေးကတ်များ တန်ဆာပြုလုပ်လက်ခံပြီး တင်ပေးလိုက်သူ စစ်တွေမြို့ အဝေးပြေးကားဝင်းရှိ ကြံတိုင်းအောင်ကားဂိတ်စာရေး ကျော်ရဲထွန်းအား ဖမ်းဆီးရမိသဖြင့် သိန်းဝင်း(၂၇)နှစ်၊ အောင်မိုး(၃၉)နှစ်၊ ကျော်သူရ (၂၂)နှစ်နှင့် ကျော်ရဲထွန်း(ခ)ကျော်မင်းဦး(၂၀)နှစ်တို့လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၂ ရက်က သာဝတ္ထိနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လယ်ဝေးမြို့ အင်းသာရပ်ကွက်ရှိ သာဝတ္ထိစစ်ဆေးရေးဂိတ်တွင် ရေနီဘက်မှ နေပြည်တော်ဘက်သို့ ခွန်နန်းလီ မောင်းနှင်လာသော ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ သိမ်းဆည်းရမိသဖြင့် ခွန်နန်းလီ(၂၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ထို့အတူ စက်တင်ဘာ ၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းပန်မြို့နယ် တာဆန်းတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မိုင်းပန်ဘက်မှ မိုင်းတုံဘက်သို့ စိုင်းဝဏ္ဏမောင်းနှင်ပြီး စိုင်းရွှေထွန်းလိုက်ပါလာသည့် HARRIER အမျိုးအစားမော်တော်ယာဉ်အား ရှာဖွေရာ ယာဉ်၏နောက်ခန်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းအား သိမ်းဆည်းရမိသဖြင့် စိုင်းရွှေထွန်း(၄၁)နှစ်၊ စိုင်းဝဏ္ဏ(ခ) စိုင်းလျှန်း(၂၀)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



**ကျော်သူရ အောင်မိုးနှင့်သိန်းဝင်းတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

# သုံးခွမြို့နယ်တွင် အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**သုံးခွ စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် တကောကျေးရွာမော်တော်ဆိပ်တွင် အမျိုးသားတစ်ဦး စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီခန့်က ရေနစ်သေဆုံးကြောင်း သတင်းရရှိသဖြင့် သုံးခွမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ စိုင်းကျော်သူ(ခ)ဘိုဘို(၂၇)နှစ် ဖတုံကန်ကျေးရွာနေသူဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်အားစုံစမ်းရာ သေဆုံးသူသည် တကောကျေးရွာမော်တော်ဆိပ်တွင် 'ဇာနည်အောင်' မော်တော်(ပဲ့ထောင်)မောင်းနှင်သူဖြစ်ပြီး မော်တော်ဆိပ်တွင် ခရီးသည်စောင့်ရင်း အင်ဂျင်စက်အနီးမော်တော်ဝမ်းဗိုက်အပေါက်အား ပန်ကာရှပ်တံကိုခို၍ ရေထဲတွင်ဖာထေးနေစဉ် လက်လွတ်၍ ရေထဲမျောပါရေနစ်သေဆုံးသွားကြောင်း သိရသည်။အလောင်းအားရေငုပ်ရှာဖွေရာ မွန်းလွဲ၂ နာရီ ၅ မိနစ်တွင် ဆယ်ယူရရှိပြီး တာဝန်ရှိသူများမှစစ်ဆေးရာ ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေ၍ အလောင်းအား သုံးခွဆေးရုံသို့ ပို့အပ်ရာ ပီအာရ်(၀၃၂) ဖြင့် လက်ခံထားရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊မဟုတ် သိရှိနိုင်ရန် သုံးခွမြို့မရဲစခန်းက သေမှုသေခင်းအမှတ်(၂၄/၂၀၁၄)ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၂၀)**

# လမ်းမကြီးမှ မောင်းနှင်သောယာဉ်အား လမ်းသွယ်မှမောင်းနှင်လာသည့်ယာဉ်က ဝင်တိုက်မှုဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် လမ်းမကြီးမှ မောင်းနှင်လာသောယာဉ်အား လမ်းသွယ်မှ မောင်းနှင်လာသည့်ယာဉ်က ဦးစားမပေးသည့်အတွက် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီ ၂၅ မိနစ်တွင် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်မောင်မောင်သိန်းသည် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၏ စည်ပင်ဗေဒ္ဓရိပ်သာမီးပွိုင့်တွင် ရွှေကြာပင်မီးပွိုင့်ဘက်မှ ကြာပန်းအဝိုင်းဘက်သို့ တော်ဝင်ရတနာလမ်းအတိုင်း စိုင်းဆိုင်လျှန်း(၂၉)နှစ် မောင်းနှင်လာသော ၁C/----ပရိုဘောက်ယာဉ်သည် ပျဉ်းမနား-တောင်ညိုလမ်းမကြီးအား ဖြတ်ထွက်မောင်းနှင်စဉ် ပျဉ်းမနား-တောင်ညိုလမ်းမကြီးအတိုင်း မြို့တော်ခန်းမဘက်မှ ပျဉ်းမနားမြို့ဘက်သို့ မျိုးထွန်းအောင် မောင်းနှင်လာသည့် ပျဉ်းမနား-တောင်ညိုခရီးသည် ယာဉ်လိုင်း 8F/--- ယာဉ်က ဝင်ရောက်တိုက်မိသဖြင့် မမျိုးသီရိကျော်(၁၆)နှစ် တောင်သူမိုးစွေရွာနေသူ အပါအဝင် ခရီးသည် ၂၀ တို့တွင် ဒဏ်ရာအသီးသီးရရှိသောကြောင့် ခုတင် (၁၀၀၀) ဆေးရုံကြီးသို့တင်ပို့ကုသထားရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ လမ်းမကြီးမှလာသောယာဉ်အား ဦးစားမပေးဘဲ လမ်းသွယ်မှဖြတ်ထွက်မောင်းနှင်လာသူ ယာဉ်မောင်း စိုင်းဆိုင်လျှန်းအား အရေးယူဆောင်ရွက်ပေးပါရန် ရဲအုပ်မောင်မောင်သိန်းက အမှတ်(၁) ရဲစခန်းသို့တိုင်တန်းသောကြောင့် ရဲစခန်းက ယာဉ်(ပ)၂၃/၂၀၁၄၊ ပုဒ်မ ၃၃၈/၃၃၇ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# လူကုန်ကူးခံရသူများ နေရပ်သို့ ပြန်ရောက်

**ဆော စက်တင်ဘာ ၃**

မူဆယ်မြို့ လူကုန်ကူးမှုတားဆီးရေးအဖွဲ့က ပြန်လည်ပို့ဆောင်သည့် ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့နယ်(ခွဲ) ကျောက်လိပ်ကျေးရွာမှ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးခုနစ်ဦးတို့သည် သက်ဆိုင်ရာတာဝန်ရှိသူများ၏ အဆင့်ဆင့်ပို့ဆောင်မှုဖြင့် ၎င်းတို့၏ကျေးရွာသို့ စက်တင်ဘာ ၂ ရက်တွင် ကောင်းမွန်စွာ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**(၄၆၅)**




## မိုးသည်းထန်စွာရွာသွန်းသဖြင့် စပါးစိုက်ခင်းအချို့ရေလွှမ်းမိုး

**ဝက်လက်၊ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဩဂုတ် ၂၉ ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အထက်ပိုင်းရှိ ခင်ဦးမြို့နယ်တွင် မိုးရွာသွန်းခြင်းတို့ကြောင့် အထက်ပိုင်းမှ ရေစီးဆင်းမှုများပြားပြီး ဆည်ရေများပြားလာခြင်းကြောင့် ချောင်းမြောင်းများတွင် ရေကြီးရေလျှံခဲ့ပြီး မိုးစပါးစိုက်ခင်းအချို့ ရေလွှမ်းမိုးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေလျှံမှုကြောင့် အောင်ချမ်းသာကျေးရွာကွင်းအမှတ် ၃၄၃၅၊ ၃၄၃၆ ကွင်းအတွင်းရှိ မိုးစပါးစိုက်ဧက ၃၀၀၊ ပေါက်တောကျေးရွာကွင်းအမှတ် ၃၂၄၃ တွင် မိုးစပါးစိုက်ဧက ၁၀၀၊ သရက်ကြီးကျေးရွာ ကွင်းအမှတ် ၃၂၄၅၊ ၃၂၄၆ တွင် မိုးစပါးစိုက်ဧက ၂၀၀၊ လှတောကျေးရွာကွင်းအမှတ် ၃၂၈၁ တွင် မိုးစပါးစိုက်ဧက ၃၀ စုစုပေါင်း မိုးစပါးစိုက်ဧက ၆၃၀ ခန့် ရေလွှမ်းမိုးခဲ့သည်။

ရေလွှမ်းမိုးမှုဖြစ်ပေါ်သည့် နေရာများသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ခရိုင်တာဝန်ခံမြန်မာ့လျှပ်စစ်ခရိုင်အင်ဂျင်နီယာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များက ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်စေရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါရေလွှမ်းမိုးသည့် ဧက ၆၃၀ မှာ မိုးဆက်လက်ရွာသွန်းခြင်းမရှိပါက သုံးရက်အတွင်း ရေများပြန်လည်ကျဆင်းမည်ဖြစ်ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

# ကျောက်ပန်းတောင်းမြို့နယ် သံဘိုရွာသစ်တွင် လူထုလုပ်အားဖြင့် ကျေးရွာအဝင်လမ်းသစ် ဖောက်လုပ်

**ကျောက်ပန်းတောင်း၊ စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ သံဘိုကျေးရွာအုပ်စု၊ သံဘိုရွာသစ်တွင် ကျေးရွာလူထုလုပ်အားဖြင့် ရွာအဝင်လမ်းမသစ်ကြီးအား ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိရာ စက်တင်ဘာ ၁ ရက် နံနက်က လမ်းဟောင်းမြေသားချဲ့ထွင်ခြင်း၊ လမ်းသစ်အူကြောင်းဖောက်လုပ်ခြင်းနှင့် ရေရိုးတာဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံဘိုရွာသစ်သည် ကျောက်ပန်းတောင်းမြို့မှ ခုနစ်မိုင်ကွာဝေးပြီး အိမ်ထောင်စု ၁၈၇ ရှိ၍ လူဦးရေ ၉၇၀ ကျော်ရှိသော ရွာကလေးဖြစ်သည်။

ယခင်က ရွာအဝင် လမ်းဟောင်းမှာ ကျေးရွာချင်းဆက်လမ်းမှ ကွေ့ကာသွားရ၍ မလိုအပ်ဘဲ ခရီးတာရှည်နေသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုအဖွဲ့များနှင့် ရပ်မိရပ်ဖများ တိုင်ပင်ညှိနှိုင်းကာ လမ်းသစ်ကို ရွာလယ်လမ်းအထိ အဖြောင့်ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အစီအစဉ်ကတော့ ဒီလမ်းမပြီးမချင်း ဥပုသ်နေ့တိုင်း လုပ်ဆောင်သွားကြမှာပါ။ အရင်လမ်းက ရွာကိုကွေ့ပတ်ပြီး ဝင်ရထွက်ရတာမို့ ဒီလမ်းသစ်ကို အဖြောင့်ဖောက်လိုက်တာပါ။ ခရီးလည်းတိုသွားတာပေ့ါဗျာ။ လမ်းအတွက်ဆိုတော့ ယာခင်းရှင်တွေကလည်း ကြည်ကြည်ဖြူဖြူလှူကြပါတယ်။ သူတို့လှူလို့လည်း ဒီလမ်းဖြစ်မြောက်တာပေ့ါ။ နောက်ပြီး လမ်းအတွက် လုပ်အားဒါနပြုသူအားလုံးကို ရွာဦးကျောင်းဆရာတော်က ထမင်းကျွေးကုသိုလ်လုပ်ပါတယ်။ ရွာထဲကလည်း လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်စသည်ဖြင့် ကျွေးမွေးလှူဒါန်းကြပါတယ်"ဟု သံဘိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးက ပြောသည်။

အဆိုပါ ရွာဝင်လမ်းသစ်ကို ၁၂ ပေ အကျယ်ဖောက်လုပ်မည်ဖြစ်ပြီး ဖောက်လုပ်မည့်လမ်းမြေအတွက် ဦးတင်စိုးပိုင်ယာခင်းမှ ကိုက် ၁၅၀၊ ဦးခင်မောင်အေးပိုင်ယာခင်းမှ ကိုက် ၁၅၀၊ ဦးဖိုးကံပိုင်ယာခင်းမှ ကိုက် ၁၀၀ နှင့် ဦးလှသောင်းပိုင်ယာခင်းမှ ကိုက် ၁၀၀ လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

ဎင်းတို့ကျေးရွာအနေဖြင့် လမ်းလုပ်ငန်းပြီးစီးပါက ကျေးရွာလျှပ်စစ်မီးရရှိရေးကိုသာ ဦးစားပေးဆောင်ရွက်ရန်ရှိကြောင်းနှင့



ကျေးရွာနှင့် အနီးဆုံး ညောင်ပင်ဆိပ်တွင် ထရန်စဖော်မာတစ်လုံး အထိုင်ရှိသော်လည်း နှစ်မိုင်ခွဲခန့်ကွာဝေးသဖြင့် ကွန်ကရစ်တိုင် ၁၂၁ တိုင်နှင့် လျှပ်စစ်ကြိုးသွယ်တန်းမှု ကုန်ကျစရိတ် ကျပ်သိန်း ၆၀၀ ကျော်ခန့်ရှိမည်ဖြစ်ပြီး လျှပ်စစ်မီးရရှိပါကလည်း ခရီးကွာဝေးမှုကြောင့် ဓာတ်အားပြည့်ပြည့်ဝဝသုံးစွဲနိုင်မည်မဟုတ်သဖြင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ယခုအခါတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ပံ့ပိုးကူညီမှု ရရှိမည်ဆိုပါက ရပ်ရွာ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ကျေးရွာရပ်မိရပ်ဖများမှ ဆန္ဒရှိနေကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် ပန်းသီးစိုက်တောင်သူများအား သင်တန်းပို့ချပေးမည်

**ကလေး၊ စက်တင်ဘာ ၃**

ချင်းပြည်နယ်၊ တီးတိန်မြို့၊ ကနေဒီတောင်အောက်၊ ဖွန်နွဲကျေးရွာမှထွက်ရှိသော ပန်းသီးများ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် ပန်းသီးစိုက်တောင်သူများကို ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ သင်တန်းပို့ကြောင်း သိရသည်။

"သင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ သစ်တောဦးစီးဌာနကိုရော ဖိတ်ကြားသည်။ ချင်းပြည်နယ်ထွက်ပန်းသီးက အရင်တုန်းကတော့ ဈေးကွက်တစ်ခုမှာ နေရာယူထားပါတယ်။ အခု ပန်းသီးစိုက်တောင်သူတွေက နည်းပညာအားနည်းလာတယ်။ ပန်းသီးက နည်းနည်းချဉ်လာတယ် နောက်ပြီး ပေါင်းတွေမရှင်းနိုင်ကြတော့တာကြောင့် ပန်းသီးထဲ ပိုးဝင်တာတွေဖြစ်ပြီး ရောင်းအားတွေကျလာတယ်"ဟု သင်တန်းကို ဦးဆောင်ဖွင့်လှစ်သူ ဦးလှိုင်အောင်(ခ)ငင့်ရှင်ခွါလ်က ပြောသည်။

"ချင်းတောင်ပန်းသီးကို ထုပ်ပိုးမှုပုံစံကအစ ပြောင်းလဲနိုင်ဖို့ သင်တန်းပေးတာပါ။ ယခုထုပ်ပိုးနေကြတာက ထင်းရှူးသားတွေနဲ့ သေတ္တာတွေ ရိုက်ပြီးပို့ကြတော့ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်တယ်။ ထင်းရှူးပင်ဆိုတာ ယခင်တုန်းကတော့ ချင်းတောင်ရဲ့ အမှတ်တရပဲ။ အခုထင်းရှူးကို အများအပြား ခုတ်လာတာကြောင့် ထင်းရှူးပင်တွေတောင် ရှားသွားပြီ။ ဒါတွေကိုလည်းပြုပြင်နိုင်ဖို့ သစ်တော ဦးစီးဌာနနဲ့ ညှိနှိုင်းပြီး သင်တန်းပေးတာပါ။ ထုပ်ပိုးမှုကို ကတ်ထူစက္ကူပုံးတွေ အသုံးပြုနိုင်ရေး ပညာပေးသွားမှာပါ"ဟု ဎင်းက ပြောသည်။


"ချင်းတောင်မှာက ပန်းသီးကို တီးတိန်မြို့နယ်က အဓိကစိုက်ပျိုးတာပါ။ တမူးကိုပို့တယ်။ ကလေးကိုပို့တယ်။ နောက်ပြီး ရန်ကုန်အထိ သီးသန့်ပို့ခဲ့တယ်။ ချင်းတောင်ပန်းသီးက ချဉ်တယ်ဆိုတာ အပင်ကခူးပြီးပြီးချင်းစားရင် ချဉ်တယ်။ ခူးပြီး သုံးရက်ခန့် လေတိုက်ရာမှာထားပေးရင် အချဉ်ဓာတ်တွေ ပျောက်သွားပါတယ်"ဟု ပန်းသီးစိုက်တောင်သူတစ်ဦးကပြောသည်။ **လင်းလက်ကြယ်စင်**

## ဆိပ်ဖြူမြို့နယ်တွင် နေ့စားလပေး ကျောင်းဆရာ၊ ဆရာမများ ခန့်အပ်တာဝန်ပေး

**ဆိပ်ဖြူ၊ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နေ့စားလပေး (မူလတန်းပြ) ကျောင်းဆရာ၊ ဆရာမများကို စက်တင်ဘာ ၁ ရက်တွင် အောင်စာရင်းထုတ်၍ ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နေ့စားလပေး မူလတန်းပြ ဆရာဖြစ်ဖြေဆိုရာတွင် တစ်မြို့နယ်လုံး ၄၅၈ ဦးရှိပြီး ခန့်ထားဦးရေမှာ မဟာဘွဲ့ရ ကိုးဦး၊ ဘီအေ၊ ဘီအက်စ်စီ ၁၁၆ ဦး ပေါင်း ၁၂၅ ဦးအား နေရာဒေသခွဲ၍ ခန့်အပ်တာဝန်ပေးပြီး တစ်ရက် နေ့စားလုပ်အားခမှာ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ဖြင့် လစာပေးသွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းခွင်သို့မဝင်ရောက်မီ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေရီ၊ ဒုတိယပညာရေးမှူး ဦးကျော်အောင်နှင့် လက်ထောက်ပညာရေးမှူး ဦးကြည်ထွန်းတို့က လုပ်ငန်းခွင်သို့ဝင်ကြမည့် ဆရာ၊ ဆရာမများအား လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုမူနေထိုင်လုပ်ကိုင်ကြရန်နှင့် ပြည်သူကို အကျိုးပြုသည့် ဝန်ထမ်းများအဖြစ်ခံယူပြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန် အသီးသီးမှာကြား၍ ရှင်းလင်းပြောကြားခဲ့သည်။ **(ကြေးမုံ)**

### ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက (နန်ပေါင်)၊ ဒုတိယတန်းမှ မောင်ကောင်းစည်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ဖြစ်ပါသည်။

### မိခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အထက(၃) ဒသမတန်း($B_1$)မှ မောင်ထက်အာကာကျော်၏ မိခင်အမည်မှန်မှာ မလုဆန်[၁/မကန(နိုင်)၀၉၂၁၁၁] ဖြစ်ပါသည်။

### ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ အထက ဒသမတန်း(A)မှ ကျောင်းသူ မသော်သော်စုလှိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသက်ခိုင်ဦး[၁၂/ကတန(နိုင်)၀၇၃၇၄၉] ဖြစ်ပါသည်။




**ဖခင်အမည်မှန်** အထက သိမ်ဇရပ်၊ သတ္တမတန်း(B)တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် က/၇၂၇၈ မှ မအေးနန္ဒာဇော်၏ ဖခင်အမည်မှန်မှာ ဦးသန့် ဇော်လှိုင်လတ် ဖြစ်ကြောင်း။

### ဖခင်အမည်မှန်
အထက၊ သိမ်ဇရပ်၊ ဒသမတန်း(၁/၅)တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် က/၅၄၉၂မှ မသင်းလွဲ့လွဲ့ဦးနှင့် ဆဋ္ဌမတန်း(A) ကျောင်းဝင်အမှတ် က/၆၇၀၉မှ မောင်နိုင်လင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ဝင်းကျော်ဦး ဖြစ်ကြောင်း။

**မမော်** (အိမ်၊ ခြံ၊ မြေဝန်ဆောင်မှု)
၁။ ဘုရားလမ်းသွယ်၊ မြို့ဟောင်းအရှေ့၊ သန်လျင်မြို့နယ်။
(ကညန)ရုံးရှေ့လမ်း။ RC 2ထပ်-2200၊ ပေ(၄၀×၆၀)
ဖုန်း-၀၉-၄၃၁၇၃၆၈၆

အတွေးအမြင်ဆောင်းပါး

# သားသမီးကိုချစ်တတ်ပါစေ

à b|u|Dt;

'သားသမီးကို ချစ်တတ်ပါစေ' ဆိုသော အတွေးအမြင်လေးကို မရေးခင် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က တေးလေးတစ်ပုဒ်ကို ပြန်လည်သတိရမိပါသည်။ သတိရသည်ဆိုသော်လည်း အစ၊ အဆုံးမမှတ်မိပါ။ မှတ်မိနေသည့် တစ်ပိုဒ်လေးမျှဖြစ်ပါသည်။ တေးသံရှင်က ခင်မောင်ထူးပါ။ မှတ်မိနေသော အပိုဒ်လေးက 'နင်ဟာ. . . နင်ဟာ ချစ်တတ်ပလား' ဆိုတဲ့ စာသားလေးပဲဖြစ်ပါသည်။ သီချင်းအမည်တော့ စဉ်းစား၍ မရတော့ပါ။

"အဲဒီတေးသွားလေးနဲ့ ဘာဆိုင်လို့လဲ ဘကြီးအေးရာ" လို့ဆိုရင် "ဟုတ်ကဲ့ ဆိုင်ပါတယ် ခင်ဗျာ" ခင်မောင်ထူးမေးသလိုပဲ သင်ရော သားသမီးကို ချစ်တတ်သလားလို့ ဘကြီးအေးက မေးချင်ပါတယ်။

ဖြေကြမည့် အဖြေတွေကလည်း ဘကြီးအေး သိနေပါတယ်။ ချစ်သဗျို့ ချစ်လိုက်သမျှ ကျုပ်သား၊ သမီး ဘာမဆို လိုတရစေသတည်းပဲဗျ။ ကလေးကြိုက်ရာလုပ် ဘာတစ်ခုမှ မတားဘူး ဟုဆိုကြမည့်သူတွေ အနမတဂ္ဂပါ။

ဘကြီးအေး ကိုယ်တိုင် တွေ့ဖူးတာတွေ အများကြီးရှိပါသည်။ ဘကြီးအေး၏အရင်းနှီးဆုံးသားချင်းတစ်ဦးဆိုလျှင် သူတို့သားလေးကို ချစ်လိုက်တာဆိုရင် ကလေးနေချင်သလိုနေ လိုချင်တာရအောင် လုပ်ပေး၊ ထမင်းပန်းကန်၊ ဟင်းပန်းကန်ကို ကလေးကပေါက်ခွဲလျှင် ပြုံးပြုံးလေးဖြင့် ကြည့်နေ၏။ "ဟဲ့ကလေး ပန်းကန်ကို မခွဲရဘူး" ဟု လုံးဝမပြောပေ။

ထိုထက်ဆိုးသည်ကား ကလေးက ဆက်တီကုလားထိုင်ပေါ်မှာပင် အပေါ့စွန့်၊ အလေးစွန့် လုပ်ချင်လည်း ခွင့်ပြု၏။ ပြီးမှ အိမ်ဖော်မလေးက ဆေးကြောသန့်ရှင်းရ၏။ ဤနေရာမျိုးတွင် အပေါ့၊ အလေးမစွန့်ရဘူးဟု သွန်သင်ဆုံးမမှု မပြု၊ ထိုကလေးသည် လုပ်ချင်ရာလုပ်ခွင့်ရနေသဖြင့် ကလေးဆိုးလေးဖြစ်မှန်းမသိဖြစ်လာ၏။ ဤလုပ်ရပ် ချစ်ခြင်းမျိုးသည် ကလေးကို တကယ်ချစ်ရာ ရောက်ပါ၏လား။

ကလေးကို တကယ်ချစ်သည်ဆိုလျှင် လိုတ

## ချစ်သည်ဆိုတိုင်း အလိုလိုက်. . . .

ရစေသတည်းက အဓိကမဟုတ်။ ထိုက်သင့်သလောက် လိုက်လျော၍ မလုပ်သင့်မလုပ်ထိုက်သော ကိစ္စကို နားလည်အောင် သွန်သင်ညွှန်ပြ တားဆီးပိတ်ပင်ရန် အဓိကဖြစ်၏။ ဒါမှသာလျှင် မသိနားမလည်သေးသော ကလေးသည် ဩော် ဒါမျိုးမလုပ်ရဘူး၊ ဒါတော့ လုပ်ရတယ်ဟု ခွဲခြားနားလည်သွားမည်ဖြစ်၏။

ထို့အတူ ဘာသာကိုးကွယ်မှုအပိုင်းတွင်လည်း သူ့အရွယ်နှင့်သူ လိုက်လျောညီထွေစွာ သင်ကြားပေးရမည်ဖြစ်၏။ ဘကြီးအေး၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦး၏ သားသည် နိုင်ငံခြားသို့ အလုပ်လုပ်ရန် သွားခါနီးတွင် ဘကြီးအေးတို့ကို လာရောက်နှုတ်ဆက်သည်တွင် ဘကြီးအေးကလည်း ရေခြား၊ မြေခြားသွားရောက် အလုပ်လုပ်ရာတွင် ရတနာသုံးပါးကို မမေ့ရန် နေ့စဉ်စရဏလေးတစ်ခုကို ရွတ်ဆိုပွားများရန် မှာကြားရာ "ဘုရားကို ဦးသုံးကြိမ်ချတာကလွဲလို့ ကျန်တာတွေ ဘာမှ မသိပါဘူး" တဲ့ "အမေကလည်း သင်မပေးပါဘူး" တဲ့။ ကဲ ကောင်းရော မိဘကမှ သင်ကြားပြသမှုမရှိတော့ ဒီကလေး ဒီလိုဖြစ်ပြီပေါ့။ မိမိကလေးကို ချစ်တယ်ဆိုရင်. . .။

တွေ့ဖူးတာတစ်ခုရှိသေးတယ်။ အမျိုးသမီးတစ်ဦးပါ။ သူ့မှာ မွေးထားတာက သမီးလေးသုံးယောက်ရှိတယ်။ သူက ဘကြီးအေးရဲ့ ဇနီးနဲ့ စကားပြောရင်း "ခေတ်အခြေအနေအရ သမီးတွေကို (တားဆေး) အားဆေးဆိုပြီး သောက်ခိုင်းထားမယ်" တဲ့။ ကဲ ကောင်းရော သမီးလေးတွေကို အဆိုးအကောင်း ခွဲခြားသိအောင် ဆိုဆုံးမမှုမရှိဘဲ တားဆေးကို အားဆေးဆိုပြီး သောက်ခိုင်းထားမယ်တဲ့။ ခု အဲဒီမိန်းကလေးတွေ အရွယ်ရောက်ပြီး ဆိုသည့်တိုင် ခက်ခဲတဲ့ ဘဝရောက်နေတာ တွေ့မြင်ကြားသိနေရပါပြီ။

မန္တလေးသား စာရေးဆရာ 'ကျော်ရင်မြင့်' ရေးတဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်ခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်ကပါ။ ရွှေအိုးဆန်စက်များပိုင်ရှင် သူဌေးနဲ့ အင်တာဗျူးမေးမြန်းခန်းဖြစ်ပါသည်။ ရွှေအိုးဆန်စက်များပိုင်ရှင် သူဌေးသည် ငယ်စဉ်ကျောင်းနေချိန်က ကျောင်းပိတ်ရက်များတွင် သူဌေးသားဆို၍ ဘော်ကြော့မနေရဘဲ ဆန်စက်တွင် ဆီလောင်း၊ ကတ္တားချိန်၊ ဘွိုင်လာမီးထိုးစတဲ့ အောက်ခြေသိမ်းအလုပ်ကအစ အားလုံးကို ဖခင်သူဌေးကြီးက ခိုင်းစေကြောင်း၊ ထို့ကြောင့် ယခုသူဌေးကြီးနေရာရောက်လာသောအခါ စီမံအုပ်ချုပ်မှုသာမက အောက်ခြေအသေးအမွှားပါမကျန် တတ်သိကျွမ်းကျင်သူဖြစ်ရကြောင်း၊ ရေးသားထားသည်ကို ဖတ်ရပေရာ၊ သူဌေးကြီးပင်ဖြစ်သော်လည်း သားသမီးကို လိုတရစေသတည်းဆိုသော မှားယွင်းသည့် အချစ်မျိုးမဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်သော မှန်ကန်သည့်အချစ်ဖြင့် နည်းပေးလမ်းညွှန်သွန်သင်ဆုံးမခဲ့၍ ယခုလို အဘက်ဘက်က တတ်ကျွမ်းသည့် ရွှေအိုးဆန်စက်များပိုင်ရှင် သူဌေးကြီး ဖြစ်လာရခြင်းဖြစ်သည်။

နုနယ်ငယ်၍ အသိမကြွယ်သေးသော ကလေးငယ်ကို ချစ်သည်ဆိုတိုင်း အလိုလိုက်အကြိုက်ဆောင်ခြင်းမျိုး မလုပ်သင့်ဘဲ နည်းမှန်လမ်းမှန် သင့်တင့်လျောက်ပတ်စွာ ချစ်သွားပါလျှင် ကလေးလည်းတဖြည်းဖြည်းသိနားလည်သွားမည်ဖြစ်ပါသည်။ ဘကြီးအေးကိုယ်တိုင် ဤသို့ နည်းမှန်လမ်းမှန် သင့်တင့်လျောက်ပတ်စွာ ချစ်၍ကောင်းမကောင်း ခွဲခြားချင့်ချိန်တတ်ရန် ပြုစုပျိုးထောင်ပေးခဲ့သဖြင့် တစ်ဦးတည်းသော သားလေးသည် ပတ်ဝန်းကျင်အိမ်နီးချင်းတို့ ချီးကျူးစကားဆိုရသည်အထိ ယဉ်ကျေးလိမ္မာသော ကလေးတစ်ဦးဖြစ်လာ၏။

ဆယ်တန်းရောက်သောနှစ်မှာပင် နှစ်ဘာသာဂုဏ်ထူးပါ၏။ ယနေ့ဆိုလျှင် ရေကြောင်းကောလိပ်မှ အင်ဂျင်နီယာဒီပလိုမာရပြီး နိုင်ငံခြားသင်္ဘောလိုင်းတွင် အငယ်တန်းအင်ဂျင်နီယာရာထူးကို ထမ်းဆောင်နေပြီဖြစ်၏။ ဝင့်ဝါလို၍ ဖော်ပြခြင်းမဟုတ်ပါ။ မိမိကလေးကို စနစ်ဇယားဖြင့် နည်းမှန်လမ်းမှန် ချစ်တတ်ကြဖို့ ရေးသားတင်ပြရခြင်းဖြစ်ကြောင်းပါခင်ဗျား။

## ကျန်းမာရေးဝန်ထမ်းများ ဗဟန်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန်၊ စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး၊ တီဘီရောဂါဆရာဝန်ကြီး ဒေါက်တာတင်မိမိခိုင်၊ တီဘီအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါ်စောနွဲ့နွဲ့မြင့်နှင့်အဖွဲ့၊ ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီသော်နှင့် ကျန်းမာရေးဝန်ထမ်းများသည် ဗဟန်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

၂၂ ရပ်ကွက်ရှိလူနာများအား ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်ထိ နံနက် ၉ နာရီမှ လူနာကုန် သည်အထိ ဆရာစံ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံ၊ အ. မ. က (၉) ဗဟန်း၊ ဂျပန်ဘုရားကျောင်း၊ သာသနာ့ရောင်ခြည် ဓမ္မာရုံ၊ ဗဟန်းအမျိုးသမီးဆေးရုံတို့တွင် ကွင်းဆင်း၍ ရောဂါရှာဖွေကုသဆောင်ရွက်ခဲ့ကြသည်။

နေ့စဉ်လူနာ ၂၀၀ ကျော်အား အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့် ကလေးအဖွဲ့ဝင်များ၊ ကြက်ခြေနီများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ လူနာပေါင်း ၁၀၀၀ ကျော်ကို အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။ သန္တမေ (ပြန်ဆက်)

# စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်စေရန် လယ်ယာသုံးစက်ကိရိယာများအရစ်ကျ ငွေချေစနစ်ဖြင့်ဝယ်ယူနိုင်

မကွေး၊ စက်တင်ဘာ ၃

ကျေးရွာနေတောင်သူများ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲ ဆောင်ရွက်နိုင်စေရန်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ သရုပ်ပြရှင်းလင်းပွဲကို မကွေးမြို့နယ်၊ ဘုရားပြို(မြောက်)ရွာ အသင်းသား တောင်သူ ဦးကျော်ဆင့်၏ ယာမြေတွင် စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် သမဝါယမဝန်ကြီးဌာန၊ သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ငွေက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် တစ်ခုဖြစ်သော သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သမဝါယမအသင်းသား တောင်သူများသို့ စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံး စက်ပစ္စည်းများကို စဉ်ဆက်မပြတ် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကိုရီးယားနိုင်ငံ Daedong Industrial Co., Ltd မှ လယ်ယာသုံးစက်ကိရိယာများအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် စက်ကိရိယာဝယ်ယူလိုသော သမဝါယမအသင်းသားများမှ သိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် လက်တွန်းထွန်စက်နှင့် စပါးရိတ်သိမ်းခြွေလှေ့စက် ကိုးမျိုးကို လက်တွေ့မောင်းနှင် သရုပ်ပြကြကာ လယ်ယာသုံးစက်ပစ္စည်းများကို တစ်နှစ်အာမခံပေးထားကာ စက်တစ်လုံးတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းပေးသွင်း၍ ကျန်ငွေကို ခြောက်လတစ်ကြိမ်နှုန်းဖြင့် ခြောက်နှစ်အတွင်း ငွေသွင်းဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲသို့ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ၂၅ မြို့နယ်မှ သမဝါယမအသင်းသားတောင်သူများ စုစုပေါင်း အင်အား ၇၀၀ ခန့် တက်ရောက်ခဲ့သည်။









**ပုပွား အဘဘိုးမင်းခေါင်**
**အကြိမ်(၆၂)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ**
**(အောက်မြန်မာပြည်)**

ပုပွားတောင်ကလပ်တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူခဲ့သော(အဘ ဘိုးမင်းခေါင်) အား အာစရိယဂိုဏ်းဝင်သူတော်စင်အဖြစ် ပူဇော်ကန်တော့ပွဲကို (၁၃၇၆ခုနှစ်၊ တော်သလင်းလပြည့် ကျော် ၂ ရက်) ၁၀-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံအရှေ့မြို့နယ်၊ ရွာသာကြီး၊ ဘူတာရုံအနီး မဟာဗောဓိမာန်အောင်မြင်ဓမ္မရိပ်သာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဘ၏ သားသမီးတပည့်များနှင့် ပါရမီဆက်၊ ပဋ္ဌာန်းဆက်၊ ဓာတ်ဆက်ရှိသူ ဆွေတော်မျိုးတော်ပါရမီရှင်အပေါင်းတို့အား ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အဘ ဘိုးမင်းခေါင်၏ ငယ်တပည့်ရင်း
ဘိုးအောင်ရာဇာ (အလယ်ရိုးမ-မဟာမြိုင်)



**ပဌမံဘိုးဘိုးအောင်**
**သက်တော်ရှည် (၂၇၁)နှစ်မြောက် မွေးနေ့ပူဇော်ကန်တော့ပွဲ**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်နှင့် ပျူမြို့ဟောင်းအနီးတွင် တည်ထားကိုးကွယ်သော (ဖူးပြည့်အောင် ဆုတောင်းပြည့်စေတီတော်မြတ်)ပရဝုဏ်အတွင်းရှိ ပဌမံဘိုးဘိုးအောင်၏ ကျောင်းတော်တွင် (၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၉ရက်) ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)၌ ပဌမံ ဘိုးဘိုးအောင်၏ သက်တော်ရှည် (၂၇၁)နှစ်မြောက် မွေးနေ့ပူဇော်ကန်တော့ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ နီးဝေးပါရမီရှင်အပေါင်းအား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဘိုးအောင်ရာဇာ(အလယ်ရိုးမ-မဟာမြိုင်)

# မြေပဲဆီဈေးနှုန်းသည် စားအုန်းဆီဈေးနှုန်း၏ သုံးဆခန့်ရှိလာ

**ရန်ကုန် စက်တင်ဘာ ၂**

ဩဂုတ်လ ၁ ရက်နေ့ မလေးရှားစားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ၈၁၀ ဒေါ်လာနှုန်းရှိရာမှ ဩဂုတ်လအတွင်း ဆက်တိုက်ကျဆင်းလာရာ ဩဂုတ်လ ၂၅ ရက်တွင် ၇၀၅ ဒေါ်လာနှုန်းအထိ ကျဆင်းခဲ့ပြီး ဩဂုတ် လ ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်နေ့ထိ ၇၁၀ ဒေါ်လာနှုန်းတွင် ဈေးနှုန်းမပြောင်းလဲဘဲရှိခဲ့ရာ ကမ္ဘာ့စားအုန်းဆီဈေးနှုန်းမှာ ၂၀၀၉ ခုနှစ် အောက်တိုဘာလမှစ၍ ယနေ့အထိ ငါးနှစ်တာကာလအတွင်း အနိမ့်ဆုံးဖြစ် နေကြောင်း ဩဂုတ်လ ၂၅ ရက်တွင် ဆိပ်ကမ်းရောက် တစ်ပိဿာ စားအုန်းဆီအရင်းဈေးမှာ ၁၂၉၇ ကျပ်ဖြစ် ပြီး စက်တင်ဘာလ ၁ ရက်တွင် ၁၃၀၄ ကျပ် သာရှိနေကြောင်း၊ ဩဂုတ်လ ၂၀ ရက်တွင် ၁၄၈၅ကျပ်၊ စက်တင်ဘာလ ၁ ရက်တွင်မူ ၁၃၆၅ ကျပ် နှုန်းရှိကြောင်း ပြည်ပစားအုန်းဆီဈေး နှုန်းစာရင်းနှင့် ရန်ကုန်ဈေးကွက် စားအုန်းဆီဈေးနှုန်းတို့မှ သိရသည်။

၂၀၁၄ စက်တင်ဘာ ၁ ရက်တွင် စားအုန်းဆီ တစ်ပိဿာဈေးနှုန်းမှာ ၁၃၆၅ ကျပ် ဖြစ်နေသော်လည်း မြေပဲဆန် တစ်ပိဿာ ၁၄၀၀ ကျပ် မှ ၁၈၅၀ ကျပ်နှုန်းမြင့်တက်မှုကြောင့် မြေပဲဆီလက်ကားရောင်းဈေးမှာ ၃၈၀၀ ဈေးဖြစ်သဖြင့် မြေပဲဆီဈေးနှုန်း သည် စားအုန်းဆီဈေးနှုန်း၏ သုံးဆခန့်ဖြစ်နေကြောင်း ၂၀၁၃ စက်တင်ဘာလ ၂ ရက်တွင် စားအုန်းဆီ တစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၅၁၀၊ မြေပဲဆီဈေးနှုန်း ငွေကျပ် ၃၅၀၀၊ ၂၀၁၂ စက်တင်ဘာလ ၁ ရက်တွင် စားအုန်းဆီ တစ်ပိဿာဈေးနှုန်း ၁၇၀၀ ကျပ်၊ မြေပဲဆီဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၆၀၀ ဖြစ်ခဲ့ကြောင်း စားသုံးဆီဈေးနှုန်းစာရင်းများအရ သိရရာ မြေပဲဆီသည် စားအုန်းဆီဈေးနှုန်းထက်နှစ်ဆ၊ နှစ်ဆငဲ့ ကွာခြားမှုမြင့်နေကြောင်း စားသုံးဆီရောင်းချသူ တစ်ဦးက ဆိုသည်။

**မောင်စေအောင်**

# မော်လမြိုင်၌ ဒေသအဆင့် လူမှုကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မော်လမြိုင်၊ စက်တင်ဘာ ၃**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းအကောင်ထည်ဖော်ဆောင်ရွက်သည့် ပြည်နယ်အဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက်က မော်လမြိုင်မြို့၊ မြေနီကုန်းရပ်၊ ရွှေမြင့်မိုရ်ထွန်းဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ဦးစွာ အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် လူမှုဝန်ထမ်းဒုတိယညွှန်ကြားရေးမှူးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (Help Age International) နှင့်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းတွင် လုပ်ငန်းကြီး နှစ်ရပ်ရှိပြီး လူမှုဝန်ထမ်းဝန်ကြီးဌာန၏ တာဝန်ရှိသူများကို လူမှုကာကွယ်စောင့်ရှောက်ရေး စွမ်းရည်မြှင့်တင်ပေးနိုင်ရန်နှင့် သက်ကြီးကာကွယ်စောင့်ရှောက်ရေးမူဝါဒများ ပေါ်ထွန်းလာနိုင်ရေးအတွက်ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လူမှုကာကွယ်စောင့်ရှောက်ရန် လိုအပ်နေသေးသည့်သူများအတွက် စောင့်ရှောက်ပေးနိုင်မည့် နည်းဗျူဟာများ ပေါ်ထွက်လာစေရန်နှင့် လိုအပ်ချက်များကို ဖော်ထုတ်ရန်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ် အိုစောင့်ရှောက်ရေးအဖွဲ့မှ ဦးသန်းမြင့်ဆွေက အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ NGO များနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတွင် လူမှုကာကွယ်စောင့်ရှောက်မှု မဟာဗျူဟာရေးဆွဲခြင်း၊ ဒေသအဆင့်စောင့်ရှောက်ရေးဆိုင်ရာသဘောတရားများ ရှင်းလင်းဆွေးနွေးခြင်းတို့ကို အဖွဲ့ငယ်များအလိုက် ဆွေးနွေးကာ လမ်းညွှန်ချက်များ ချမှတ်သွားမည်ဖြစ်ပြီး ဆွေးနွေးပွဲကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

# ထားဝယ်တက္ကသိုလ်တွင် စာပေဟောပြောပွဲပြုလုပ်

**ထားဝယ်၊ စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်တက္ကသိုလ် ပင်မဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် စာပေဟောပြောပွဲကျင်းပရာ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာကြီးချစ်ဦးညိုက 'တက္ကသိုလ်သို့မဟုတ်' ခေါင်းစဉ်ကိုလည်းကောင်း၊ ထားဝယ်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ထက်ကြီးဘမြင့် (မင်းသူရိန်-ထားဝယ်) က 'ထားဝယ်သမိုင်းနှင့် ရှုပ်ထွေးနေသော သက္ကရာဇ်၊ ထားဝယ်သားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပျောက်ကွယ်လုနီးဖြစ်နေတဲ့ ထားဝယ်ဆိုရိုးစကားလေးတစ်ခွန်း' ကိုလည်းကောင်း ဟောပြောကြရာ ဟောပြောပွဲအပြီးတွင် ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဘဟန်က စာရေးဆရာကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

စာပေဟောပြောပွဲသို့ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ကထိက၊ ပါမောက္ခ၊ ဌာနမှူးများ၊ လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြများ၊ ဘာသာရပ်ဆိုင်ရာအသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၈၀၀၊ ထားဝယ်မြို့ စာရေးဆရာအသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလားတူ စာပေဟောပြောပွဲကို ဩဂုတ် ၃၁ ရက် ညနေ ၆ နာရီတွင် ထားဝယ်ပညာရေးကောလိပ်၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်အေးအေး၊ လက်ထောက်ကထိက၊ နည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ထရန်စဖော်မာဖွင့်ပွဲ အထိမ်းအမှတ်အောင်လံပေးအပ်

**မကွေး၊ စက်တင်ဘာ ၃**


မကွေးမြို့နယ်၊ ရွာဖောင်းကန်ကျေးရွာအုပ်စု၊ ရွာဖောင်းကန်ကျေးရွာ အ. လ. က (ခွဲ)တွင် ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ထရန်စဖော်မာဖွင့်ပွဲ အထိမ်းအမှတ် အောင်လံပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် ညနေ ၃ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။


အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်မောင်က အဖွင့်အမှာစကားပြောကြားခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး မီးလင်းရေးကော်မတီနာယက ဦးအောင်သန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခြင်း၊ ကျေးရွာမီးလင်းရေးကော်မတီ အတွင်းရေးမှူးက မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည့်အတွေ့အကြုံများအား ရှင်းလင်းပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်မောင်က ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ မကွေးမြို့နေ ဦးသက်နိုင်ထွန်းက အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ မင်းဘူးမြို့ ကောင်းခန့်ဖြိုးသာကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း မီးလင်းကော်မတီအဖွဲ့ထံသို့ အသီးသီးပေးအပ်လှူဒါန်းပြီး မီးလင်းရေးအထိမ်းအမှတ် အောင်နိုင်ရေးအလံအား ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရွာဖောင်းကန် အ. လ. က (ခွဲ) ကျောင်းအုပ်ကြီး ဦးအောင်ဌေးလင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ အင်အား ၂၀၀ ကျော် တက်ရောက်ခဲ့သည်။

**ကျော်ဇေယျ**





**မြေကွက်ရောင်းမည်**

လှိုင်သာယာစက်မှုဇုန်(၂)
ကမ်းနားမေးတင်(ပန်းလှိုင်မြစ်)
ဂရန်၊ မီး၊ အုတ်ကာပြီး၊
သိန်း(၂၀၀၀၀)
ဖုန်း-၀၉၂၅၄၂၀၂၃၂၂ (9:00AM-5:00PM)

# ဝါးစီမံအုပ်ချုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်



မိတ္ထီလာမြို့နှင့် ဝမ်းတွင်းမြို့နယ် အတွင်းရှိ ကျေးရွာများကို ဆက်သွယ်ပေးထားသော မော်တော်ကားလမ်းရှိ မိတ္ထီလာမြို့အထွက် မြင်တော်ကန်၌ နေ့စဉ် စွန့်ပစ်နေသော အမှိုက်ပုံကြီးမှ အနံ့အသက်များ၊ ယင်ကောင်များဖြင့် မြင်မကောင်းဖြစ်နေကြောင်း တွေ့ရသည်။ ယင်းမြို့နယ်ရှိ ဒေသခံများမှာ ထိုလမ်းကို နေ့စဉ် ဖြတ်သန်းသွားလာကြပြီး ယင်းလမ်းလိုဖြတ်၍ နေ့စဉ် သွားလာသူ ၅၀၀ ခန့်ရှိနေ၍ ၎င်းတို့၏ ကျန်းမာရေးကို များစွာထိခိုက်နေကြောင်းဒေသခံများကပြောသည်။ ထိုအမှိုက်ပုံအား ဖြတ်သန်းသွားလာနေသည့် နေရာနှင့် ကင်းလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် မြို့ခံများက လိုလားနေပြီး အမှိုက်ပုံရှိရာကားလမ်း လေးဖာလုံခန့်မှာ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသေးကြောင်းဒေသခံများက ပြောသည်။ (ကြေးမုံ)

**တိုက်ကြီး၊ စက်တင်ဘာ ၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝသစ်တောများမှ သစ်ထုတ်လုပ်သုံးစွဲမှုများကို လျှော့ချပြီး သဘာဝပတ်ဝန်းကျင် ပြန်လည်တိုးတက်ကောင်းမွန်ရေး၊ စနစ်တကျ ပြုစုထိန်းသိမ်းဆောင်ရွက်လျက်ရှိစဉ်တွင် သစ်မဟုတ်သော အခြားသစ်တောထွက် တစ်မျိုးဖြစ်သည့် မြန်မာနိုင်ငံတွင် ပေါကြွယ်ဝစွာ ထုတ်ယူနိုင်ဆဲဖြစ်သော သဘာဝဝါးတောများကိုစနစ်တကျစီမံအုပ်ချုပ် ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြင့်ဝါးထုတ်ကုန်ပစ္စည်းထုတ်လုပ်၍ ဈေးကွက်နယ်ပယ်ချဲ့ထွင်နိုင်ရေးသို့ ရည်ရွယ်လျက် 'ဝါးစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ' ကို သစ်တောဦးစီးဌာန စီစဉ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ဆရာစံခန်းမ၌ ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် သစ်တောတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းဝင်း၊ သစ်တောဦးစီးဌာန သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်၊ သစ်တောသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်၊ ပဲခူးတိုင်း သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းစိုး၊ လူနှင့်သစ်တောဗဟိုဌာန REOISTC ဌာနေကိုယ်စားလှယ် ဒေါက်တာမောင်မောင်သန်းတို့က ဦးဆောင်ပေါင်းစပ်ညှိနှိုင်းသူတို့အဖြစ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပဲခူးတိုင်း သစ်တောဦးစီးဌာနနှင့် ရန်ကုန်တိုင်း သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဝါးနှင့် ကြိမ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေသခံ ဝါးလုပ်ငန်းရှင်များနှင့် ဝါးခုတ်လုပ်သားများ၊ နယ်ပယ်အသီးသီးမှ စိတ်ဝင်စားသူများ စုစုပေါင်း အင်အား ၉၀ ခန့် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ပြည်၊ စက်တင်ဘာ ၃**

မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ ဒုတိယအထွေထွေမန်နေဂျာရုံးမှ ပြည်သစ်ထုတ်ရေးဒေသ၊ ဧရာဝတီဖောင်ဖွဲ့ရေးဒေသတို့မှ အမှုထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၄) ဖွင့်လှစ်ပွဲ အခမ်း အနားကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက ပြည်မြို့၊ ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် (ဒုတိယအထွေထွေမန်နေဂျာ) ဦးသိန်းထွန်းက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု Third Wave လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သင်ကြားပို့ချပေးမည့် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ ပြည်သစ်ထုတ်ရေးဒေသနှင့် ဧရာဝတီဖောင်ဖွဲ့ရေးဒေသတို့မှ ရုံးဝန်ထမ်း၊ တောဝန်ထမ်း၊ ဆင်၊ ယာဉ်ယန္တရားဝန်ထမ်းများ စုစုပေါင်း ၆၁ ဦး တက်ရောက်ကြသည်။ အမှတ်စဉ် (၂/၂၀၁၄) သင်တန်းကို စက်တင်ဘာ ၈ ရက်မှ ၉ ရက်အထိ ဆက်လက်ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းလွင်(ပြည်)**

# စကားရည်လုပွဲ၊ ကဗျာရွတ်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ မင်းကင်းမြို့၌ကျင်းပ

**မင်းကင်း၊ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စကားရည်လုပွဲ၊ ကဗျာရွတ်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကိုဩဂုတ် ၃၁ ရက်နံနက် ၁၀ နာရီက မင်းကင်းမြို့ အခြေခံပညာအထက်တန်းကျောင်းစကားဝါခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးဝင်းလှိုင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် မူလတန်းအဆင့် ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲကို 'မောင်တို့မယ်တို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို တစ်ဦးချင်းမဲနှိုက်၍ ကျရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်စကားရည်လုပြိုင်ပွဲကို 'လူသားအရင်းအမြစ် အနာဂတ်လူငယ်များ' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြရာပြိုင်ပွဲကိုအထက်တန်းကျောင်းအုပ်ဆရာ၊ ဆရာမများကအကဲဖြတ်ပေးခဲ့ကြောင်းသိရသည်။

**ချင်းတွင်းသား(Iprd)**

# မကွေးမြို့နယ်တွင်မေထုန်မဲ့သားစပ်သင်တန်းဖွင့်လှစ်

**မကွေး၊ စက်တင်ဘာ ၃**

မကွေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊တိုင်းဒေသကြီးအစည်းအဝေးခန်းမတွင် ထုတ်လုပ်မှုစွမ်းရည်မြင့်မားသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွား မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် မေထုန်မဲ့ သားစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာကျော်လွင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာအေးအေးမော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ယင်းအခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် မြို့နယ်ကျေးရွာများမှ ဒေသခံသင်တန်းသား ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။


**ရှုလိုင်သွန်းဆက်**

# မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့အရာထမ်းများ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲပြုလုပ်

**မကွေး၊ စက်တင်ဘာ ၃**

မကွေးမြို့၊မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ရဲအကူတပ်ဖွဲ့ခွဲမှူးရုံးခန်းမတွင် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ (ThirdWave) လုပ်ငန်းစဉ်များအားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အရာထမ်းများစွမ်းရည်မြှင့်သင်တန်းဆင်းပွဲ အခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ခေတ္တမကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်ဇော်က အမှာစကား ပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင်သင်တန်းသားအဖြစ် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ရဲအကူတပ်ဖွဲ့ခွဲမှူးရုံးနှင့် မကွေးခရိုင်ရဲတပ်ဖွဲ့မှ အရာရှိ ၂၅ ဦးတက်ရောက်ခဲ့သည်။ **ကျော်ဇေယျ**




**အမည်ပြောင်း**

ဦးစိုင်းသန်းစိန်၏သား ဝိုင်းမော်မြို့၊ အထက(ခတ်ချို)၊ သတ္တမတန်း (B)မှ မောင်နိုင်ထက်သူအား မောင်နိုင်ထက်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**

ဦးစိုင်းသန်းစိန်၏သား ဝိုင်းမော်မြို့၊ အထက (ခတ်ချို)၊ ဒသမတန်း(C)မှ မောင်ပိုင်ဆက်သူအား မောင်ပိုင်ဆက်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**တစ်ဦးတည်းဖြစ်ကြောင်း**

ဦးကျော်ခိုင်ဝင်း၏သမီး မြစ်ကြီးနားမြို့၊ အထက(၅)၊ ဒသမတန်း($A_1$)မှ မခိုင်ရီမွန် (ခ) မမေဇင်အောင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**

ဦးကျော်ခိုင်ဝင်း၏သမီး မြစ်ကြီးနားမြို့၊ အထက(၅) ဒသမတန်း($C_1$)မှ မခိုင်သင်းမွန် (ခ) မဝေဇင်အောင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

**အမှားပြင်ဆင်ချက်**

၂၈-၈-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ စာ(၈)ပါ ဦးဝင်းထွဋ် (အထက်တန်းရွှေနေ)၏ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်တွင် ဖော်ပြထားသည့် မြေကွက်အမှတ်(၃၉/က) အစား မြေကွက်အမှတ် (၁၃၉/က) ဖြစ်ကြောင်း အမှားပြင်ဆင် ကြေညာအပ်ပါသည်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၉-၈-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)ပါ ကန့်ကွက်ရန်ကြော်ငြာတွင်တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၉၀၁/ခ)အစား မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၉၀၁/ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရန်ကုန် [illegible logo text]

ပြည်ထောင်စုအခွန်များဦးစီးဌာန

# ဗေအာင်ဘာလေ လသိန်းဆုဌာနခွဲ

(၃၀၀) ကြိမ်မြောက်အဓိကဝါကံနှိုက် ၂၀၁၄ ခုနှစ် ၊ စက်တင်ဘာလ (၁) ရက်နေ့

အစစ်ဆုမဲ[illegible]

**အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု**

ဝ-၄၆၇၇၀၀

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၁၀၀၀)ဆု**

မ-၂၄၄၇၀၂

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀၀)ဆု**

မ-၄၁၆၀၇၂

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၃၀၀)ဆုများ**

က-၆၀၀၉၇၈ သ-၁၉၀၄၈၈
ဝ-၆၇၁၉၂၈

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၂၀၀)ဆုများ**

ရ-၄၆၈၅၈၂
ပ-၅၀၉၇၉၄
မ-၃၄၀၂၃၀
ယ-၃၈၄၄၉၉
သ-၅၇၀၄၇၇

**ပဒေသာယူနစ်ဆုမဲများ**

| ကျပ်(၁)သိန်းဆုမဲများ | ကျပ်(၅)သောင်းဆုမဲများ |
|---|---|
| ၂၂၈၄ | ၂၅၀၀ |
| ၃၇၅၀ | ၃၈၇၉ |
| ၃၈၆၉ | ၇၄၉၄ |
| ၆၆၇၈ | ၇၈၉၇ |
| | ၈၆၆၃ |

ထွက်ပေါ်လာသော ပေါက်ဂဏန်းများ နှင့် နောက်ဆုံး ဂဏန်းလေးလုံး အစဉ်အလိုက်ထပ်တူညီသည့် မည်သည့်အက္ခရာအတွက်မဆို ပဒေသာ ယူနစ်ဆုအဖြစ် ဆွတ်ခူးရရှိမည်ဖြစ်ပါသည်။

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

က-၄၁၂၈၆၂ ဝ-၅၉၇၇၈
ခ-၃၇၇၇၇၉ က-၈၄၆၅၈၀
ဝ-၆၄၂၈၉ ရ-၁၃၀၆၃၀
ခ-၈၇၈၀၉၈ ရ-၅၉၂၂၈၁
ရ-၃၅၉၇၉၈ ဝ-၅၉၁၈၅
က-၉၂၉၀၄၂ သ-၄၆၇၇၃၈
ခ-၅၇၀၄၂၈

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ**

ရ-၁၁၈၈၅၀
ည-၇၄၆၇၂၈
ခ-၂၉၇၄၂၈
ခ-၄၇၈၄၂၈
ရ-၉၇၄၉၂၈

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၅)ဆုများ**

ဝ-၄၄၉၀၉၇
ဒ-၁၇၉၀၇၅
မ-၁၁၃၈၂၀
ပ-၁၀၀၉၃၀
ယ-၇၂၈၉၃

**ဆုတစ်ဆုချင်းဆုမဲများ**

| | | | | | |
|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကြော်ငြာ

ကျပ်(၂၀၀၀၀၀)ဆုများ

[illegible]

ကျပ်(၁၀၀၀၀၀)ဆုများ

[illegible]

ကျပ်(၅၀၀၀၀)ဆုများ

[illegible]

ကျပ်(၃၀၀၀၀)ဆုများ

[illegible]

ကျပ်(၂၀၀၀၀)ဆုများ

[illegible]

ကျပ်(၁၀၀၀၀)ဆုများ

[illegible]

၁။ ငွေလုံးခံထားသော (၃၀၈)ကြိမ်မြောက် အောင်ဘလေထီ ထီထုတ်ဖွင့်ပွဲအတွက် ထီထုတ်ဝေမှု (၂၅၅၇၅၃၀)စောင် ရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် ([illegible]) ရရှိပြီး ငွေကြေး (၆၀) ရာခိုင်နှုန်းဖြစ်သောကျပ် ([illegible])ကို ဆုမဲပေါင်း ([illegible]) အဖြစ် ခွဲထုတ်ပေးခဲ့ပါသည်။

၂။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၀၉) ကြိမ်မြောက် အောင်ဘလေထီ ထီထုတ်ဖွင့်ပွဲတွင် အကွာအ (၁၅) လုံး ကျန်ရှိတော့ ရောင်းချမည်ဖြစ် ဆုမဲပေါင်း ([illegible])ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

ထုတ်ဝေသည့်ရက်စွဲ ( [illegible] ၂၀၁၄ )

[illegible]

ညွှန်ကြားရေးမှူး
အောင်ဘလေထီ[illegible]
[illegible]
နေပြည်တော်

အောင်ဘလေထီ[illegible] www.irdmyanmar.gov.mm တွင်
ကြည့်ရှုနိုင်ပါသည်။

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လှည့်လည်ကြည့်ရှု




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဆောက်လုပ်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**စစ်တွေ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ INGO အဖွဲ့များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ စစ်တွေမြို့သို့ ရောက်ရှိပြီး ဆတ်ရိုးကျချောင်း သောင်တူးဖော်မှုနှင့် ကမ်းပါးထိန်းလုပ်ငန်းများ တူးဖော်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်တို့က သောင်တူးဖော်နေမှုနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် စစ်တွေမြို့လယ်ချောင်းတူးဖော်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်တို့က မြို့လယ်ချောင်းရေစီးရေလာကောင်းမွန်ရေး၊ ကုလားတန်မြစ်ဆုံချောင်းဝ သာယာလှပရေးအတွက် အပိုင်းလိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြီးစီးမှုနှင့် အနာဂတ်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းနယ်မြေသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးဇင်ယော်က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်စည်များအပြန်အလှန် ကူးသန်းရောင်းဝယ်နိုင်ရေးအတွက် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းလုပ်ငန်းများဖြစ်သည့် ဆိပ်ကမ်းများ ဆောက်လုပ်မှု၊ ဆိပ်ခံတံတားများတည်ဆောက်နေမှု၊ ရေလမ်းကြောင်းများ ပြုပြင်နေမှုတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အိန္ဒိယနိုင်ငံ ESSAR ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် စစ်တွေဆိပ်ကမ်းနှင့် ဆိပ်ခံတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ Mr.Anil Vishwkarma က လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလားတန်မြစ်ရေစီးဆင်းမှုမြစ်ကမ်းပါးများ တိုက်စားမှုမရှိအောင် မြေထိန်းနံရံများ တည်ဆောက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုပြီး VIEW POINT မှ ပင်လယ်ကမ်းခြေ၏ သာယာလှပမှုကို ကြည့်ရှုကာ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

## ယနေ့ မာတိကာ


သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း
စာမျက်နှာ - ၂

ဆေးပညာ သတင်းဆန်းများ ၇၃
စာမျက်နှာ - ၆

ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်းကျေးရွာ ဆိုလာမီးလင်း
စာမျက်နှာ - ၁၀

နွေရာသီဈေးကွက်တွင် မန်ယူအသင်း ပေါင်သန်း ၁၅၀ သုံးစွဲ
စာမျက်နှာ - ၁၃

လယ်ယာသုံး စက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်
စာမျက်နှာ - ၁၆


## ထူးကဲဒီရေသတိပေးချက်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၇ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ သုည ပေခန့်မှ ၂၁ ဒသမ ၆ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၂-၂၀၁၃ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်းနှင့် အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



## မန္တလေးမြို့၌ အပန်းဖြေလေ့လာကြသည့် နိုင်ငံခြားခရီးသွားများ နေ့စဉ်တိုးမြင့်လျက်ရှိ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးမြို့သည် ရိုးရာယဉ်ကျေးမှုအနုပညာလက်ရာပစ္စည်းများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုပြယုဂ်များဖြင့် အထင်ကရရှိသည့် မြို့တော်ဖြစ်သည်။ ထိုသို့သော မြို့တော်သို့ ပြည်တွင်းအပန်းဖြေသူများ၊ ပြည်ပမှ လာရောက်လည်ပတ်အပန်းဖြေလေ့လာကြသည့် နိုင်ငံခြားခရီးသွားများလည်း နေ့စဉ်တိုးမြင့်လျက်ရှိသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့●

## ဖိလစ်ပိုင်ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအသင်းဗိုလ်လုပွဲတက်

**မနီလာ စက်တင်ဘာ ၃**

ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ မြန်မာအသင်းက ပါလက်စတိုင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**မြန်မာ - လေးဂိုး**
**ပါလက်စတိုင်း - တစ်ဂိုး**

ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများနှင့်ခြေစမ်းပွဲများတွင် ရလဒ်များမကောင်းသေးသည့် မြန်မာအသင်းမှာ ယခုပြိုင်ပွဲတွင် ပါလက်စတိုင်းအသင်းကိုအနိုင်ယူပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ မေလအတွင်းက ယှဉ်ပြိုင်ခဲ့သည့် AFC Challenge Cup ပြိုင်ပွဲအုပ်စုအဆင့်တွင် ပါလက်စတိုင်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ထားသည့် ရှုံးကြွေးကို မြန်မာတို့ ပြန်ဆပ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာအသင်းမှာ ဒဏ်ရာပြဿနာကြုံနေသည့် တိုက်စစ်မှူး ရန်ပိုင်မှလွဲ၍ သီဟစည်သူ၊ ခင်မောင်လွင်၊ ကျော်ဇေယျာဝင်း၊ ကျော်ကိုကို၊ ဇော်မင်းထွန်းတို့ဖြင့် လူစုံအသုံးပြုကာ ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းမှာ ပွဲစကတည်းက ပါလက်စတိုင်းအသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့ပြီး ၂၇ မိနစ်တွင် ကျော်ဇေယျာဝင်း၊ ၃၇ မိနစ်တွင် တင်ဝင်းအောင်တို့က ဂိုးများသွင်းယူပြီး ပထမပိုင်းတွင် နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နေခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၅ သို့○




GANDAMAR KAN MYINT Construction Group

## ဝန်ထမ်းအလိုရှိသည်

၁။ ဆိုက်စာရင်းကိုင် မ (၅) ဦး
တက္ကသိုလ်မှ ဘွဲ့ရဖြစ်ရမည်။
စာရင်းပိုင်းဆိုင်ရာနှင့် ဆောက်လုပ်ရေးအတွေ့အကြုံရှိသူ ဦးစားပေးမည်။

၂။ ဆိုက်တာဝန်ခံ ကျား (၆) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး
ဆောက်လုပ်ရေး လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

၃။ ဆိုက်လုံခြုံရေး ကျား(၅)ဦး
နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ၊ အသက်(၃၅)နှစ်အထက်၊
ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
စစ်မှုထမ်းဟောင်းများ ဦးစားပေးမည်။
(အထက်ပါ ရာထူးများ အားလုံး ရန်ကုန်မြို့အတွင်း၌ ခန့်ထားရန်)

လျှောက်ထားလိုသူများသည် CV Form၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက်၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**အမှတ်(၁၉၅)၊ (ကွန်ဒို တတိယထပ်)၊ ၃၂လမ်း(အထက်)၊**
**ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၀၁-၂၅၃၁၃၆၊ ၂၄၉၃၈၃**

## ဝန်ထမ်း(အမြန်)အလိုရှိသည်

၁။ Marketing Manager ကျား/မ (၅)ဦး
၂။ Sales Man (၁၀)ဦး
၃။ Sales Girl (၁၀)ဦး

အမှတ်စဉ် (၁)အတွက် တာဝန်အရ နယ်များသို့ အချိန်မရွေးသွားရောက်နိုင်ရမည်။ ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးကောင်းမွန်ရမည်။ ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။ Marketing Sales Target ကို ပြည့်မီအောင် စွမ်းဆောင်နိုင်ရမည်။

အမှတ်စဉ် (၂) နှင့် (၃)အတွက် ဆက်ဆံရေးပြေပြစ်ပြီး ရုပ်ရည်သန့်ပြန့်ရမည်။ ခရီးသွားလာနိုင်ရမည်။ အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားသူဖြစ်ရမည်။ ဘွဲ့ရပြီးသူဖြစ်ရမည်။ (အတွေ့အကြုံ မရှိသေးသူများလည်း လျှောက်ထားနိုင်ပါသည်။)

စိတ်ပါဝင်စား၍ လျှောက်ထားလိုပါက CV-Form, စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ Myanmar ComBiz Trading Co.,Ltd သို့ ၂၀-၉-၂၀၁၄ ရက်နောက်ဆုံးထား၍ No. (148/E (10)-B(9), A1-Lan 9, 9 Mile, Mayangone Townshipသို့လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း- ၀၁-၉၆၆၉၅၆၇၊ ၆၅၀၉၈၈၊ ၆၆၈၇၂၅၊ ၆၆၄၉၀၆**

1. Pre-school Teacher Position Female-1 Post

- We are looking for a **Pre-school Teacher** who is patient, nurturing willing to learn and have a good command of English.

**Star Light Star Bright Premium Pre-School**

**09-25-4105127 / 09-43-084360**

## အဆောင်နေနိုင်သူဘွဲ့ရ အတွေ့အကြုံရှိ အထက်တန်း Guide (ကျား/မ)အလိုရှိသည်။

U.E.C ကိုယ်ပိုင်အထက်တန်းကျောင်း

အမှတ်-၁၅(A)၊ စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း-၀၁-၅၃၉၈၇၅၊ ၀၉-၃၁၅၅၈၉၇၃၊ ၀၉-၂၅၀၅၀၉၉၉၈ လူကိုယ်တိုင်(သို့) ကိုယ်စား၊ ဓာတ်ပုံ၊ CV Form၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်း၊ ဘွဲ့လက်မှတ်မိတ္တူများနှင့်အတူ လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအမြန် အလိုရှိသည်

[illegible]

၁။ **Project Engineer** ကျား (၃)ဦး
- M.E, B.E(Civil),M.E,B.E(Electrical Power) [illegible]
- [illegible]

၂။ **Senior Engineer** ကျား/မ(၃)ဦး
- B.E, A.G.T.I (Civil,Electrical Power,Mechanical) [illegible]

၃။ **Architect** ကျား/မ(၃)ဦး
- B.Arch, B.E [illegible] A.G.T.I(Civil) [illegible] **Auto Cad** [illegible]

၄။ **Q/C , Q/S Engineer** ကျား/မ(၃)ဦး
- M.E,B.E,A.G.T.I(Civil,Electrical Power,Mechanical Power) [illegible]

၅။ **Chief Surveyor/Surveyor** ကျား (၅)ဦး
- B.E,A.G.T.I(Civil) [illegible] **Survey** [illegible]
- [illegible]

၆။ **Admin/HR Manager** ကျား/မ(၂)ဦး
- [illegible]

၇။ **Site Manager** ကျား (၂)ဦး
- [illegible]

၈။ **Chief Accountant** ကျား/မ(၂)ဦး
- B.com, ACCA,DA, CPA [illegible]

၉။ **Auditor** ကျား/မ(၂)ဦး
- B.com,DA,CPA,level (3) [illegible]

၁၀။ **Sale&Marketing Manager / Supervisor** ကျား/မ(၃)ဦး
- [illegible] **Shopping Center** [illegible]
- [illegible]
- [illegible]

၁၁။ **Supervisor(Admin/HR)** ကျား/မ(၂)ဦး
- [illegible] **HR Certificate** [illegible]

၁၂။ **Store Manager** ကျား/မ(၂)ဦး
- [illegible]

၁၃။ **Store Keeper** ကျား (၃)ဦး
- [illegible]
- [illegible]

၁၄။ **Tower Crane Operator** ကျား [illegible]
- [illegible]
- [illegible]

၁၅။ **Pump Operator** ကျား (၃)ဦး
- [illegible]
- [illegible]

၁၆။ [illegible] ကျား (၁)ဦး
- [illegible]
- [illegible]

[illegible] **Computer** [illegible]

[illegible] CV Form [illegible] E.mail [illegible]

[illegible]

Email address: [illegible]@gmail.com

## ညှော်ရိပ်မွှန် ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| 1. Supervisor | Male | (2) Posts |
| - အသက် (၃၀)မှ (၄၀)နှစ်အတွင်း | | |
| 2. Reception | Female | (1) Post |
| 3. Loundry | Male | (1) Post |
| 4. Bell Boy | Male | (2) Posts |
| 5. Security | Male | (2) Posts |

လျှောက်ထားလိုသူများအားလုံး CV-Form ၊ ဓာတ်ပုံ(၁)ပုံ၊ လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့်အတူ အမှတ်- S.B.9, S.B.10 ၊ အလုံလမ်းနှင့်သိပ္ပံလမ်းထောင့်၊ အလုံမြို့နယ်။ Ph : 01-2301090, 09-73212233, 09-73193030 သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

EWP

## အရှေ့အနောက်ပါရမီဆေးရုံနှင့်အထူးကုဆေးခန်း

အရှေ့အနောက်ပါရမီဆေးရုံနှင့် အထူးကုဆေးခန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်။

၁။ Medical Officer ကျား/မ (၁) ဦး
- ဆေးပညာဘွဲ့ (M.B.B.S)ရရှိသူဖြစ်ရမည်။
- မြန်မာနိုင်ငံ ဆေးကောင်စီလက်မှတ်(ဆမ) ရှိရမည်။
- ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေးမည်။

၂။ သူနာပြုဆရာမ (Nurse) မ (၁) ဦး
- သူနာပြုသိပ္ပံဘွဲ့(B.N.Sc)သို့ သူနာပြုဒီပလိုမာ ရရှိသူဖြစ်ရမည်။
- မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ လက်မှတ်ရှိရမည်။

၃။ သားဖွားဆရာမ (Mid Wife) မ (၁) ဦး
- သားဖွားသင်တန်းအောင်လက်မှတ်ရှိရမည်။
- မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ လက်မှတ်ရှိရမည်။

၄။ ပြုပြင်ထိန်းသိမ်းရေးအင်ဂျင်နီယာ ကျား (၁) ဦး
- AGTI (MP or MT or EP) ဒီပလိုမာဘွဲ့ရရှိသူဖြစ်ရမည်။
- လျှပ်စစ်နှင့်စက်ပစ္စည်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အတွေ့အကြုံရှိသူဖြစ်ရမည်။
- အသက်(၂၅)နှစ်မှ (၃၅)နှစ်ကြား ရှိသူဖြစ်ရမည်။

၅။ ရုံးဝန်ထမ်း ကျား (၁) ဦး
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- ပြောဆိုဆက်ဆံရေးကောင်းမွန်၍ အဖွဲ့အစည်းဖြင့် အလုပ်လုပ်နိုင်သူဖြစ်ရမည်။
- အသက်(၂၅)နှစ်မှ (၃၀)နှစ်ကြားရှိသူဖြစ်ရမည်။

အမှတ်စဉ်(၅)မှလွဲ၍ နေ့/ည မရွေးအချိန်ပြည့် (Full Time)တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ လျှောက်ထားလိုသူသည် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမူရင်း၊ လက်တလောရိုက်ကူးထားသောဓာတ်ပုံ (၂)ပုံ၊ သက်ဆိုင်ရာဘွဲ့ (သို့) အောင်လက်မှတ်မိတ္တူ၊ ဆမ(သို့)သူနာပြုကောင်စီ လက်မှတ်မိတ္တူတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။ ဒဂုံမြို့သစ် (မြောက်ပိုင်း)နှင့် အနီးတစ်ဝိုက်တွင် နေထိုင်သူကို ဦးစားပေးမည်။

လျှောက်လွှာပိတ်ရက် - ၄-၉-၂၀၁၄ရက်

**အရှေ့အနောက်ပါရမီဆေးရုံနှင့် အထူးကုဆေးခန်း**
**အမှတ်(၆၄၀)၊ ပင်လုံလမ်းမ၊ (၃၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။ ဖုန်း-၀၁-၅၈၄၁၁၀၊ ၅၈၄၀၅၄၊ ၈၀၁၀၄၇၈**
**Email-ewp.hospital @gmail.com**

# အထူးကျေးဇူးတင်ရှိခြင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ အင်းယားကန်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (၂၀၁၄-၂၀၁၇ ခုနှစ်) သက်တမ်းကာလအတွက် **ဥက္ကဋ္ဌ**အဖြစ် စိမ်းလင်းရတနာကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ **ဦးရုံးမူ**အား ဆန္ဒမဲပေးရွေးချယ်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားသို့ ကြွရောက်ချီးမြှင့် တာဝန်ယူပေးကြပါသော ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အသင်းနာယကကြီးများ၊ ညီနောင်အသင်းများမှ ကိုယ်စားလှယ်များအားလုံးကိုလည်းကောင်း၊ ခရီးဝေးကွာမှု၊ အလုပ်မအားလပ်မှု၊ ပင်ပန်းနွမ်းနယ်မှုတို့ကို အလေးမထားဘဲ တက်ရောက်ဆန္ဒမဲပေးခဲ့ကြပါသော အသင်းသူ/အသင်းသားများအားလုံးကိုလည်းကောင်း၊ အဘက်ဘက်မှ စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီကြသူများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

အသင်းသူ/အသင်းသားများ၏ တန်ဖိုးရှိလှသည့် ထောက်ခံဆန္ဒမဲများဖြင့် **အသင်းဥက္ကဋ္ဌ**တာဝန် ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများ၏ ထောက်ခံမှုအား အလေးထားပြီး၊ ရှေ့အနာဂတ်ကာလတွင် မိမိတွင်ရှိသော အတွေ့အကြုံများကို စိတ်ရင်းစေတနာမှန်ဖြင့် ပေါင်းစပ်ပြီး အသင်းသားများဖြစ်ကြသော ကျောက်စိမ်း/ကျောက်မျက်တူးဖော် ထုတ်လုပ်သူများ၊ ရောင်းဝယ်သူများ၊ အချောထည်ထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များနှင့် အခြေခံ လုပ်သားများအားလုံး၏အကျိုးကို ရှေးရှု၍ အသင်းသားများနှင့်အတူတကွ လက်တွဲပူးပေါင်းပြီး **အသင်းဥက္ကဋ္ဌ** တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

**ဦးရုံးမူ**
**မန်နေဂျင်းဒါရိုက်တာ**
**စိမ်းလင်းရတနာကျောက်မျက်ကုမ္ပဏီလီမိတက်**




[illegible]




## စက္ကူစက်ရုံ(ရေနီ)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက္ကူစက်ရုံ(ရေနီ)အား စက်စွမ်းအားပြည့်လည်ပတ်၍ စက္ကူနှင့်ပျော့ဖတ်ထုတ်လုပ်ခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ပါ၍ လုပ်ငန်းအတွက် လစဉ်လိုအပ်မည့် အောက်ဖော်ပြပါကုန်ကြမ်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ကုန်ကြမ်းလိုအပ်ချက် |
|---|---|---|---|
| ၁။ | ဝါး | တန် | 21066.62 |
| ၂။ | NaOH | တန် | 874.80 |
| ၃။ | Alum | တန် | 194.40 |
| ၄။ | Rosin | ပိဿာ | 9363.60 |
| ၅။ | CaO | တန် | 1620.00 |
| ၆။ | Urea | တန် | 32.40 |
| ၇။ | Na3PO4 | တန် | 12.96 |
| ၈။ | PAC | တန် | 81.00 |
| ၉။ | PAM | တန် | 1.62 |
| ၁၀။ | Defoaming Agent | တန် | 16.2 |
| ၁၁။ | NH3 | တန် | 1.944 |
| ၁၂။ | HCL | တန် | 9.72 |
| ၁၃။ | Na2CO3 | တန် | 5.832 |
| ၁၄။ | Patassium Chromate(K2CrO4) | gm | 100.44 |
| ၁၅။ | Silver Nitrate (AgNO3) | gm | 12.96 |
| ၁၆။ | F.O | gal | 89100 |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁-၉-၂၀၁၄ရက်မှ ၁၅-၉-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀မှ ၁၆း၃၀အတွင်း အောက်ပါလိပ်စာများတွင် တစ်စုံလျှင် ၂၀၀၀/-(ကျပ်နှစ်ထောင်)နှုန်းဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ **လက်ဝါးကုမ္ပဏီလီမိတက်-အမှတ်(၂၁၀/၂၁၂)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၈၆၁၀၃၆၀၊ ၀၁-၈၆၁၀၃၇၀**
**စက္ကူစက်ရုံ(ရေနီ)-ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊ ဖုန်း-၀၅၄-၇၅၀၀၆၊ ၀၅၄-၇၅၀၁၀**

# ကားပါကင် ရန်ဖြစ်ရမည့် 25' x 50'

# စမ်းချောင်းသိန်း( ၂၀၀၀ )တိုက်ခန်းဝယ်မလား

## ( ၁ ) ခန်းဝယ်လျှင် သိန်း ( ၆၀၀ ) တန်

ကားပါကင်(၁)စီးစာနေရာ အခမဲ့ပေးမည်

စု ပေါင်းပိုင် အဆောက်အအုံအဖြစ် မှတ်ပုံတင်မည့် ကွန်ဒို

## ဂရန်မြေ ( ၁.၉၅ ) ဧကပေါ်ဆောက်ထား

# ရန်ကုန်တိုင်းဒေသကြီး

## စမ်းချောင်းမြို့နယ်တွင်ရှိသော

# SANCHAUNG GARDEN

RESIDENCE

## ကွန်ဒိုကိုဝယ်မလား

## သင်ကိုယ်တိုင်ရွေးချယ်လိုက်ပါ

MARKETING BY - iGREEN Construction



AYA Bank
KBZ Bank
Myanmar Even Park
ကောင်းဆုံးဟိုတယ်
BAY SANDS
သော စင်္ကာပူနိုင်ငံ
ာကုမ္ပဏီ Aedas
ANCHAUNG GARDEN
RESIDENCE
ကွန်ဒို
JUNCTION
2,3,4 SEP
မ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်တွင် ကြို

# စုပေါင်းပိုင်မြေစနစ်ဖြင့် ပိုင်ဆိုင်သော တိုက်ခန်း သက်သေခံလက်မှတ်



တိုက်ခန်းအားဝယ်ယူပိုင်ဆိုင်ထားသည့် လွင်မိုး ၏ မိသားစုဓါတ်ပုံ

## ■ စုပေါင်းပိုင်မြေစနစ် စုပေါင်းပိုင်အဆောက်အအုံ၏ မြေအချိုးကျပိုင်ဆိုင်မှု သက်သေခံကတ်ပြား■

| | | | |
|---|---|---|---|
| Condo Name | - Sanchaung Garden Residence | Room Sqft | - 1,056 sqft |
| Condo Reg No. | - 101-2015 | Total Construct Area | - 659,518 sqft |
| Room No. | - 34 | မြေအချိုးကျပိုင်ဆိုင်မှု(%) | - (0.1601)% |
| Township | - Sanchaung | Block No | - 27-D |
| Lot No | - 7A, 112 B, 7C/1, 112 A | Land Area | - 1.95 Acre |

| Sanchaung Garden Residence Condo အခန်းအမှတ် (၁၈) ငွေပေးချေမှုပုံစံ | | | |
|---|---|---|---|
| Room Sqft | 1056 | Price (သိန်း) | 3,658 |
| [illegible] | | 1 sqft Price (သိန်း) | 1.04 |
| [illegible] | | | [illegible] |
| [illegible] | | | [illegible] |

| Sr | Payment Date | | | သိန်း |
|---|---|---|---|---|
| | Date | Month | Year | |
| Adv | 2 | 9 | 2014 | 35 |
| 1 | 12 | 9 | | 68 |
| 2 | 12 | 10 | | 68 |
| 3 | 12 | 11 | | 68 |
| 4 | 12 | 12 | | 68 |
| 5 | 12 | 1 | 2015 | 68 |
| 6 | 12 | 2 | | 68 |
| 7 | 12 | 3 | | 68 |
| 8 | 12 | 4 | | 68 |
| 9 | 12 | 5 | | 68 |
| 10 | 12 | 6 | | 68 |
| 11 | 12 | 7 | | 68 |
| 12 | 12 | 8 | | 68 |
| 13 | 12 | 9 | | 68 |
| 14 | 12 | 10 | | 68 |
| 15 | 12 | 11 | | 68 |

| Sr | Payment Date | | | သိန်း |
|---|---|---|---|---|
| | Date | Month | Year | |
| 16 | 12 | 12 | 2015 | 68 |
| 17 | 12 | 1 | 2016 | 68 |
| 18 | 12 | 2 | | 68 |
| 19 | 12 | 3 | | 68 |
| 20 | 12 | 4 | | 68 |
| 21 | 12 | 5 | | 68 |
| 22 | 12 | 6 | | 68 |
| 23 | 12 | 7 | | 68 |
| 24 | 12 | 8 | | 68 |
| 25 | 12 | 9 | | 68 |
| 26 | 12 | 10 | | 68 |
| 27 | 12 | 11 | | 68 |
| 28 | 12 | 12 | | 68 |
| 29 | 12 | 1 | 2017 | 68 |
| 30 | 12 | 2 | | 68 |

လိပ်စာ - 104 စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး

ADD-104 Sanchaung Street, Sanchaung Township, Yangon. Latitude : 16.801944732866016, Longitude : 96.13471984863281

# သာဓု အနုမောဒနာ ကျေးဇူးတင်လွှာ

**ဘုရား ရဟန်း ၊ သိမ် ကျောင်း ဒါယကာ အနေဖြင့် ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး**

**ဦးချုပ်အရာရှိ (၁) ဦးအောင်အောင် [illegible] အား ရည်စူး၍**

ယခင် ကုသိုလ်ပါရမီ ဖြည့်ဆည်းရန် ၁၃.၈.၂၀၁၄ ရက်၊ တနင်္ဂနွေနေ့ Sule Shangri-La Hotel တွင် ကျင်းပပြုလုပ်သော [illegible] အလှူပွဲများ [illegible] ကြွရောက်ပါဝင်၍ [illegible] ရဟန်းသံဃာတော်များ [illegible] ပြည်ထောင်စုဝန်ကြီး ဦးအောင်မြင့်နှင့် ဇနီး ဒေါ် [illegible] ပြည်ထောင်စုဝန်ကြီး [illegible] နှင့် ဇနီး [illegible] ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေ [illegible] ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ [illegible] Mr. Silas Thangal နှင့် [illegible] ဘာသာရေး ရပ်ရွာ [illegible] ရန်ကုန်တိုင်းဒေသကြီး [illegible] ကျောင်း (၂) ကျောင်း၊ ရန်ကုန်မြို့ [illegible] ပညာရေး [illegible] ရန်ကုန်မြို့ [illegible] ကျောင်းအတွင်း [illegible] (၁)ဆောင်၊ [illegible] (၁) ဆောင်၊ [illegible] ဘာသာရေး ရပ်ရွာ [illegible] (၂)ဦး [illegible] မိတ်ဆွေ [illegible] အား အထူးပင် ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**သဗ္ဗေသတ္တာ သုခိတာ ဟောန္တု။**

[illegible]

ဇနီး ဒေါ် [illegible] သားသမီး မြေးများနှင့်

ဆွေမျိုးသားချင်းများ

